**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မချွတ်မယွင်းတရားနှင့်အညီ သူတစ်ပါးတို့ကိုအနိုင်အရှုံးဆုံးဖြတ်ပေးသော ပညာရှိကို တရားစောင့်သော၊ တရား၌တည်သော တရားသူကြီးဟုဆိုအပ်၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၇၅)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်
၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်၊ ကြာသပတေးနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# စာဆိုဗိမာန်သုံးထပ်အဆောက်အဦတည်ဆောက်ခြင်း ရတနာပန္နက်တော်တင်မင်္ဂလာအခမ်းအနားသို့တက်ရောက်ချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၉**

မြန်မာနိုင်ငံတွင်ပေါ်ထွန်းခဲ့သော စာပေပညာရှင်များနှင့် စာရေးဆရာများကို အသိအမှတ်ပြုချီးမြှင့်သည့် အထိမ်းအမှတ်အနေဖြင့်တည်ဆောက်မည့် စာဆိုဗိမာန်အဆောက်အဦ ရတနာပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဥယျာဉ်ရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်းရှိ အဆိုပါမြေနေရာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ

စာမျက်နှာ ၅ ကော်လံ ၁ ❑



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စာဆိုဗိမာန် အဆောက်အဦ တည်ဆောက်မည့်ဗဟိုနေရာ၌ ရတနာပန္နက်တိုင်ကို စိုက်ထူပေးစဉ်။

**ပြည်လုံးကျွတ်သန်းခေါင်စာရင်း (၁၀) ရက်မြောက်နေ့ ကောက်ယူနေပါသည်။**



## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်)

# ပြည်သူလူထုပူးပေါင်းပါဝင်သည့် လုံခြုံရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်ကို စတင်ထမ်းဆောင်ခဲ့ရချိန်မှစ၍ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်ဆောင်ရွက်ခဲ့သည်မှာယနေ့တိုင်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှု၊ တရားမဲ့ပြုမှုများမှာ ဖြေရှင်းမရနိုင်လောက်အောင် ရှုပ်ထွေးခဲ့သည်။ အဆိုပါဖြစ်စဉ်မှာ နိုင်ငံ၏သမိုင်းတွင် ကြီးမားသောအမည်းစက်ကြီးဖြစ်ခဲ့သည်။ နောင်တွင် အလားတူဖြစ်ရပ်ဆိုးမျိုးမဖြစ်ပေါ်စေဘဲ စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို အေးချမ်းတည်ငြိမ်စွာလျှောက်လှမ်းနိုင်ရန်လိုအပ်လာသည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ရှေ့လုပ်ငန်းစဉ်တွင် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး၊ ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်ဟူသော ရှေ့လုပ်ငန်းစဉ်ကို ချမှတ်ဆောင်ရွက်ခြင်းဖြစ်သည်။

လုံခြုံရေးနှင့်ပတ်သက်၍ ပြီးပြည့်စုံသည့်လုံခြုံရေးဟူ၍မရှိဘဲ ပြည်သူလူထုပါဝင်သည့်လုံခြုံရေးသည် ပိုမိုခိုင်မာအားကောင်းနိုင်မည်ဖြစ်သည်။ ပြည်သူ့လုံခြုံရေးသည် လုံခြုံရေးဆိုင်ရာလုပ်ငန်းများကိုပြည်သူများက အသိရှိရှိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။ ပြည်သူများက လုံခြုံရေးဆိုင်ရာများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့်ပူးပေါင်းဆောင်ရွက်ပေးမည်ဆိုပါက လုံခြုံရေးဆိုင်ရာကျိုးပေါက်မှုများ လျော့နည်းသွားမည်ဖြစ်သည်။ ပြည်သူများသာမက ပြည်သူ့ဝန်ထမ်းများအနေဖြင့်လည်း လုံခြုံရေးအသိ၊ လုံခြုံရေးအမြင်ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက လုံခြုံရေးဆိုင်ရာကျိုးပေါက်မှုများကို တားဆီးနိုင်မည်၊ လျော့ကျစေနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရ၏အန္တိမရည်မှန်းချက်အနေဖြင့် ရွေးကောက်ပွဲပြန်လည်ကျင်းပ၍ အနိုင်ရသည့် အစိုးရကို နိုင်ငံတော်၏အာဏာများပြန်လည်အပ်နှင်းသွားမည်ဟု အတိအလင်းပြောဆိုထားပြီးဖြစ်သည်။ အဆိုပါ ရည်မှန်းချက်အောင်မြင်စေရေးအတွက်လည်း တစိုက်မတ်မတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ပြန်လည်ကျင်းပမည့်ရွေးကောက်ပွဲတွင် အားလုံးပါဝင်နိုင်ရေးအတွက် နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရန် နိုင်ငံတော်အားဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများနှင့်အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကိုစွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကိုနိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းနိုင်ရေး ကမ်းလှမ်းဖိတ်ခေါ်ထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိမိနိုင်ငံ၏အနာဂတ်အတွက် အကောင်းဆုံးသော နိုင်ငံရေးနည်းလမ်းကို လမ်းဖွင့်ပေးထားခြင်းဖြစ်သည်။ နိုင်ငံရေးတွင်ရိုးသားမှုရှိစွာပါဝင်ခြင်းဖြင့် နိုင်ငံနှင့်လူမျိုးအကျိုးကိုသယ်ပိုးသင့်လှပေသည်။ အကယ်၍ ရိုးသားမှုမရှိဘဲ ဆက်လက်၍လက်နက်စွဲကိုင်နေမည်ဆိုပါက ရိုးသားမှုမရှိခြင်း၏အကျိုးဆက်ကိုပြန်လည်ခံစားရမည်သာဖြစ်သည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့်ဖြစ်စဉ်များအပြင် နိုင်ငံတကာဖြစ်စဉ်များတွင်မြင်တွေ့ကြရမည်ဖြစ်သည်။ အကြမ်းဖက်လက်နက်ကိုင်များရှိနေသရွေ့ မြန်မာနိုင်ငံ၏တည်ငြိမ်အေးချမ်းမှုမှာ ချို့ယွင်းနေမည်ဖြစ်သည်။ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကိုထိပါးနှောင့်ယှက်မှုရှိနေသမျှကာလပတ်လုံး သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် လုံခြုံရေးကိုအထူးဂရုပြုဆောင်ရွက်နေရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အောက်တိုဘာလ ၈ ရက်ကကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးလုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးတွင် အမှာစကားပြောကြားစဉ် **“ဒီမိုကရေစီနိုင်ငံတွင် ရဲတပ်ဖွဲ့ဝင်များ၊ တရားရေးရာတာဝန်ရှိသူများ၊ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများက ဒီမိုကရေစီကိုအဓိကထိန်းကျောင်းပေးနိုင်ကြောင်း၊ လုံခြုံရေးကဏ္ဍတွင် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏အခန်းကဏ္ဍသည်အရေးပါကြောင်း၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ပြည်သူ့လုံခြုံရေးနှင့်ပတ်သက်၍ အဓိကတာဝန်ရှိသည့်အဖွဲ့အစည်းဖြစ်ပြီး စွမ်းရည်၊ စွမ်းအားရှိသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်ရန်လိုကြောင်း၊ သင်တန်းကျောင်းများ၌ လေ့ကျင့်ရေးဆိုင်ရာများကို မှန်မှန်ကန်ကန်ဖြင့်လေ့ကျင့်သင်ကြားပေးရန်လိုပြီး လက်တွေ့တာဝန်ထမ်းဆောင်ရာတွင် သင်ကြားထားသည်များကို ပြန်လည်အသုံးချနိုင်ရမည်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေးနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် မိမိတို့သင်ကြားထားသည့် အသိပညာ၊ အတတ်ပညာများကိုအသုံးချ၍ ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ အုပ်ချုပ်မှုကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်များကိုတိုးချဲ့ဖွဲ့စည်းပေးထားပြီးဖြစ်သည်။ လုံခြုံရေးပိုင်းဆိုင်ရာနှင့်ပတ်သက်၍ ခရိုင်အုပ်ချုပ်ရေးမှူးများအနေဖြင့် တာဝန်ရှိပြီး မိမိတို့တာဝန်ယူရသည့် မြို့နယ်များ၏အချက်အလက်များ၊ ဖြစ်ပေါ်ပြောင်းလဲနေမှုများကို အမြဲမပြတ်သိရှိနေရမည်ဖြစ်ကာ လုံခြုံရေးဆိုင်ရာကျိုးပေါက်မှုဖြစ်ပေါ်လာမည့်အခြေအနေများကို သုံးသပ်တွက်ချက်နေရမည်ဖြစ်ကြောင်း နိုင်ငံတော်အကြီးအကဲကမှာကြားထားသည်။ အနှစ်ချုပ်ဆိုရသော် ပြည်သူများအနေဖြင့် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များ၏လုပ်ရပ်များအား စက်ဆုပ်ရွံရှာမုန်းတီးနေပြီဖြစ်သည့်အတွက် လုံခြုံရေးနှင့်ပတ်သက်၍ပြည်သူလူထုကလည်း လုံခြုံရေးဆိုင်ရာများတွင်ပူးပေါင်းဆောင်ရွက်နေပြီဖြစ်ပေရာ တာဝန်ရှိသူများအနေဖြင့် ပိုမိုခိုင်မာအားကောင်းသည့် ပြည်သူလူထုပူးပေါင်းပါဝင်သည့်လုံခြုံရေးကို ခိုင်မာစွာတည်ဆောက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
# ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများထုတ်ချေး

နေပြည်တော် အောက်တိုဘာ ၉

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် မောင်းရမ်းကျေးရွာအုပ်စု ဝက်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမှချေးငွေများ ပြန်လည်ထုတ်ချေးပေးခြင်းကို အောက်တိုဘာလ ၉ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇာခြည်မွန်နှင့် ဝန်ထမ်းများက ဝက်စုကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး စီမံကိန်းမှရရှိလာမည့်အကျိုးကျေးဇူးများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်းပေးသွင်းစေလိုကြောင်း ပြောကြားပြီး စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးပေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ဝက်စုကျေးရွာရှိ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၄၉ ဒသမ ၇ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များက ဝက်စုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကိုချေးငွေကျပ် ၁၆ ဒသမ ၆၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅၃ ဦးကို ချေးငွေကျပ် ၃၀ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူရှစ်ဦးကို ချေးငွေကျပ် ၂ ဒသမ ၁၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၀၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉ ဒသမ ၇ သန်းကို သက်သာသော အတိုးနှုန်းများဖြင့် တစ်ဦးချင်းစီ၏လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။

**ကိုညို(ကျေးလက်)**

## သဇင် (FM)အသံလွှင့်အစီအစဉ်

၁၀-၁၀-၂၀၂၄(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် | ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၂။ | ၁၀:၀၀ | Internet Pages | ၅။ | ၁၈:၂၀ | Thazin Request Song |
| ၃။ | ၁၄:၃၀ | Live For You | ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင်ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ သီတင်းကျွတ်မီးထွန်းပွဲတော်ကျင်းပမည်

**ပဲခူး အောက်တိုဘာ ၉**

ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင်ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ သီတင်းကျွတ်မီးထွန်းပွဲတော်ကြီးကို အောက်တိုဘာလ ၁၃ ရက်မှ ၁၈ ရက်အထိ ရွှေမော်ဓောဘုရားလမ်းအနောက်ဘက်မုခ်အနီးရှိ ဘုရားဝင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှသိရသည်။

မီးထွန်းပွဲတော်ကြီးတွင် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား ဆီမီးများ ထွန်းညှိပူဇော်ခြင်း၊ ဘုရားဝတ်ပြုအသင်းများက ဘုရားဝတ်ပြုကန်တော့ခြင်းတို့ အပါအဝင် ဈေးရောင်းပွဲတော်များ၊ ဇာတ်ပွဲများ၊ ဆင်လိမ္မာ၊ မြင်းလိမ္မာ၊ ဆိတ်လိမ္မာ၊ မျောက်လိမ္မာလေးများပါဝင်သည့်ဆပ်ကပ်ပြပွဲ၊ မျက်လှည့်ပြပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ကလေးစီးချားရဟတ်၊ အပျော်စီးလှေ၊ လျှပ်စစ်ရထား၊ မုန့်ဈေးတန်းများနှင့် အခြားပျော်ပွဲရွှင်ပွဲများပါဝင်မည်ဖြစ်သည်။

အဆိုပါ သီတင်းကျွတ်မီးထွန်းပွဲတော်ကို အောက်တိုဘာလ ၁၃ ရက်မှ ၁၈ ရက်အထိ ခြောက်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးဘုရားဖူးလာပြည်သူများအနေဖြင့် ပျော်ရွှင်စွာ လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။ (၄၁၀)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၁၀-၂၀၂၄(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၆:၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၇:၂၀ | မေတ္တာပို့ |
| ၃။ | ၇:၂၅ | ဓမ္မပူဇာတေး |
| ၄။ | ၇:၄၅ | မျိုးချစ်တပ်မတော် |
| ၅။ | ၈:၀၅ | အမျိုးသားရေးတေးကဗျာ |
| ၆။ | ၉:၁၅ | ကျန်းမာသုတ |
| ၇။ | ၁၀:၅၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၈။ | ၁၁:၁၅ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၉။ | ၁၁:၄၅ | မြန်မာ့ရှုခင်း |
| ၁၀။ | ၁၃:၄၀ | ခရီးလည်းသွား စကားလည်းဆို |
| ၁၁။ | ၁၆:၅၀ | ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ |
| ၁၂။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၃။ | ၁၉:၀၀ | **(၃၈)ဖြာမင်္ဂလာ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော** |

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဌရုံး (နေပြည်တော်)
  (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေး ဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2024)

**"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"**

"Empowering the next generation for a resilient future"

**အောက်တိုဘာလ (၁၃) ရက်**

## ရွာကလေးသို့ ညွှန်းဆုခြွေ

➡ နှစ်တွေ ဘယ်လိုဟောင်းပေမယ့်
ခေတ်တွေဘယ်လိုပြောင်းပေမယ့်
အသွင်မပြောင်းခဲ့တဲ့ ရွာလေးမှာ။

➡ သွားလမ်းသာ လာလမ်းဖြောင့်စေဖို့
အလှမ်းမဝေးပါဘု ခုချိန်ခါ
လာလှည့်ပါ စိတ်အမြင်ဆန်းအောင်
သစ်ပင်တွေစိမ်းစိုလန်း
လမ်းပန်းသာယာ။

➡ နေခြည်က နွေးလို့ဖြာ
ရေကြည်မှာ တဖွေးဖွေး
ဆေးပေးခန်းက ရွာလယ်ဗဟို
ကွန်းခိုရာ သိမြင်လန်းအောင်
တို့ကျေးရွာ ပညာနန်းမှာ
စာကြည့်တိုက်ရှိပါကြောင်း။

➡ ချစ်သောရွာ မြတ်ဇာတိ
ထူးပါဘိ ကျေးဇူးအဖြာဖြာ
နယ်မြေမှာ ကြွယ်စေသမှုရယ်နဲ့
ဇေယျတု အောင်လံထူလို့
ဇမ္ဗူတလူ ဝင့်ကာကြွားမည်ပ
စိတ်ရှိသမျှ အကြံပေါက်ပါပေ့ါ
ဣန္ဒြိတံ လာဘ်မြောက်ကြပါစေကွဲ့
အံ့လောက်ဖွယ် သာယာမှုနဲ့
ညွှန်းဆုခြွေတောင်း။ ။

**ညိမ်းညို**

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

> “ကျွန်တော်တို့တစ်တွေကတော့ ညီလေးကို ဝိုင်းသယ်မပြီး ရွာဆီသို့ ခပ်မြန်မြန်လျှောက်လှမ်းနေကြပေသည်။ ကျွန်တော်တို့ ရွာထဲသို့ ရောက်ချိန်တွင် ရွာသားများမအိပ်ကြသေးချေ။ ကျွန်တော်တို့ကြုံခဲ့ဖြစ်ခဲ့ရသည့် အခြေအနေကို ပြောပြကြရာ ရွာသားများ စိတ်မကောင်းဖြစ်ကြရသည်။ ညီလေးမှာလည်း ပင်ပန်းမှုဒဏ်၊ ကြောက်စိတ်လွန်ကဲမှု စိတ်ဒဏ်ရာကြောင့် သတိလစ်သွားခြင်းဖြစ်သည်။ ခုတော့ သတိပြန်လည်လာခဲ့ပေပြီ။ ရေတစ်ခွက်တိုက်လိုက်ရာ တော်တော်လန်းသွားသည် . . .”

**ယမန်နေ့မှအဆက်**

“ကိုကြီးအသုံးမကျလို့ ညီလေးခုလိုဖြစ်ရတာ၊ အချိန်အခါနဲ့အခြေအနေကိုမသုံးသပ်တတ်ဘဲ အလုပ်ကိုပေ့ါပေ့ါတွေးခဲ့လို့ ဒီလိုကြုံရတာ၊ ဒီရက်ဟာ ရေသေရက်ဖြစ်တယ်၊ တစ်ရေတည်းနဲ့ ကိုယ်ရည်မှန်းရာနေရာကို ရောက်ချင်မှရောက်မယ်ဆိုတဲ့အတွေးမျိုး ကိုကြီးဦးနှောက်ထဲမှာ မရှိခဲ့ဘူး။ အကယ်၍ ဒီတစ်ရေနဲ့မရောက်ခဲ့ရင်ဆိုတဲ့ ကြိုတင်ပြင်ဆင်မှုလုပ်သင့်တဲ့အသိမျိုး ကိုကြီးနှလုံးအိမ်မှာ မကိန်းဝပ်ခဲ့ဘူး။ ရွက်ကန့်တိုက်တဲ့နေရာမှာ လေမှာ တစ်ဖက်စီးနေတော့ လှေစောင်းနေတဲ့အချိန် ခနိပုံနှစ်ပုံကြား နိမ့်နေတဲ့နေရာကနေ ရေဝင်နေတာကို အတွေ့အကြုံမရှိတော့ မသိခဲ့ဘူး၊ အဲဒီနေရာကနေ ရေဝင်နိုင်တယ်ဆိုတာ ကြိုတင်မစဉ်းစားမိဘဲ ကမ်းကိုရောက်ချင်တဲ့ဆန္ဒစောပြီး စိုးရိမ်စိတ်လွန်ကဲနေတဲ့ ကိုကြီးရဲ့အားနည်းချက်။ လှေမှာ ကညင်သစ်သားနှစ်ကြာအဟောင်းအမြင်းဖြစ်လို့ သစ်ပေ့ါနေတာကြောင့် စုံးစုံးမမြုပ်ခဲ့တာပေ့ါ”

ကျွန်တော့်မှာ တွေးရင်း မိမိကိုယ်မိမိ လုံးဝခွင့်မလွှတ်ချင်။ ခု အသက်အရွယ် အနုနယ်ဆုံး လူမမည်ညီလေး ရာသီဥတုဆိုးရဲ့ ဖိစီးမှုဒဏ်၊ လှိုင်းသရမ်းရဲ့ရိုက်ခတ်မှုဒဏ်၊ ဆာလောင်မွတ်သိပ်မှုဒဏ်၊ အရွယ်နှင့်မမျှအောင် စိတ်လှုပ်ရှားခဲ့သော သောကဒဏ်ရာတွေကြောင့် သေမလား၊ ရှင်မလားမသိ။

ကျွန်တော်တို့တစ်တွေကတော့ ညီလေးကို ဝိုင်းသယ်မပြီး ရွာဆီသို့ ခပ်မြန်မြန်လျှောက်လှမ်းနေကြပေသည်။ ကျွန်တော်တို့ ရွာထဲသို့ရောက်ချိန်တွင် ရွာသားများမအိပ်ကြသေးချေ။ ကျွန်တော်တို့ ကြုံခဲ့ဖြစ်ခဲ့ရသည့် အခြေအနေကို ပြောပြကြရာ ရွာသားများ စိတ်မကောင်းဖြစ်ကြရသည်။ ညီလေးမှာလည်း ပင်ပန်းမှုဒဏ်၊ ကြောက်စိတ်လွန်ကဲမှုစိတ်ဒဏ်ရာကြောင့် သတိလစ်သွားခြင်းဖြစ်သည်။ ခုတော့ သတိပြန်လည်လာခဲ့ပေပြီ။ ရေတစ်ခွက်တိုက်လိုက်ရာ တော်တော်လန်းသွားသည်။

ကျေးရွာလူကြီး ဦးမောင်နီဆိုသူက ဦးဆောင်ပြီး ကျွန်တော်တို့ကို ထမင်းကျွေးသည်။ ညီလေးလည်း နေကောင်းသွားပြီဖြစ်၍ ထမင်းဝင်စားသည်။ မှတ်မှတ်ရရပြောရလျှင် မျှင်ကလေးဟင်းလျာနှင့် စင်ပြွမ်းသီးချက်ဟင်းနှင့်ကျွေးကြသည်။ မျှင်ထိုးခြင်းအလုပ်မှာ တောင်ရှည်ရွာသားတို့၏ အသက်မွေးဝမ်းကျောင်းအလုပ်ဖြစ်သည်။ စင်ပြွမ်းသီးဟူသည် ပင်စည်ကြီးမျိုးဖြစ်သည်။ ပင်စည်မှာ တပြုပင်နှင့်တူပြီး အသီးမှာလည်း တပြုသီးနှင့်ဆင်တူသည်။ သို့သော် တပြုသီးလုံးလို အလုံးကြီးကားမဟုတ်။ ခရမ်းကစော့သီးလုံးလောက်သာရှိသည်။ မျှင်ငါးပိ၊ ငရုတ်သီးစိမ်းထည့်ပြီး ဟင်းလျာချက်စားကြသည်။ ချိုချိုချဉ်ချဉ်လေးမို့ မျှင်ကလေးလျာနှင့်ဆို ဟင်းစားလိုက်ဖက်လှသည်။

ထမင်းစားပြီးလျှင် ရွာသားများပေးသော လျာတက်နှင့် သောက်ရေအိုးကိုယူပြီး လာလမ်းအတိုင်း ပြန်ဆင်းလာကြသည်။ ရွာသားများပါ ကျွန်တော်တို့ကို အားပေးစကားပြောပြီး ဒီရေရောက်တောကြီးကို ဖောက်ပြီးလိုက်ပို့ကြသည်။ သန်းခေါင်လောက်တွင်မှ ကျွန်တော်တို့ လှေချည်ထားခဲ့သည့်နေရာသို့ ရောက်ကြသည်။ ရေတောင်ကျသွားလို့ တော်တော်ခန်းနေပြီ။ ရွာသားတွေနဲ့ပဲ လှေကိုရေပက်ထုတ်ပြီး ဝိုင်းတွန်းလိုက်ကြရာ မြစ်ရေစပ်ထဲ ရောက်သွားတော့သည်။

ရေက ကျနေပြီဖြစ်၍ ရေသင့်လိုက်ကာ ကျွန်တော်တို့ လှော်ခတ်ဆင်းလာကြသည်။ ရွာသားများကလည်း “ကျန်းကျန်းမာမာ အောင်အောင်မြင်မြင် ရောက်သွားကြပါစေ” ဟူ၍ ဆုပေးလိုက်ကြသည်။ ကျွန်တော်တို့ မိုးလင်းခါနီးတွင် အဖေ့ရွာ ငပသုန်ရွာသို့ ရောက်ခဲ့ကြလေပြီ။ အဖေနှင့်ညီမလေးမှာ ကျွန်တော်တို့ညီအစ်ကိုအဖြစ်ကိုကြားပြီး မျက်ရည်ပေါက်ပေါက်ကျကြလေသည်။

ရွာသို့ရောက်လို့ ဖြစ်ပျက်ခဲ့မှုဖြစ်ရပ်ကို ပြန်လည်စစ်ကြောကြည့်မှ ကျွန်တော်မြတ်မြတ်နိုးနိုးသိမ်းဆည်းထားခဲ့သောပစ္စည်းတစ်ခု ကျွန်တော့် အဝတ်အိတ်နှင့်အတူ မြစ်ပြင်ကျယ်ထဲ နစ်မြုပ်ကျန်ခဲ့ကြောင်း သတိရလိုက်သည်။ ကျွန်တော် ရင်ထဲမကောင်းဖြစ်ကာ ဆို့ဆို့နင့်နင့်ခံစားသွားရသည်။ ၁၉၆၆ ခုနှစ် ကျွန်တော် နဝမတန်းပထမနှစ်က ဖြစ်ပါသည်။ ကျောက်ဖြူတစ်မြို့လုံးရှိ ကိုးတန်း၊ ၁၀ တန်းတက်နေကြသူ ကျောင်းသူ၊ ကျောင်းသားအားလုံး စာဆိုတော်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပခဲ့သည်။ ဤတွင် လူသန်မပြောလူပြောမသန်ခေါင်းစီးဖြင့် ကျွန်တော်ဖြေထားခဲ့ရာ ပထမဆုရသဖြင့် ဆုချီးမြှင့်ပေးထားသော ပိုင်းလော့ ဖောင်တိန် (Pilot Fountain) ပင်ဖြစ်သည်။ မင်ရည်ထည့်ရေးရသော ဖောင်တိန်မျိုးပင်ဖြစ်ပါ၏။ ခုတော့ ဆုံးရှုံးခဲ့လေပြီ။ ရန်သူမျိုးငါးပါးဒဏ်ကြောင့်ပဲဟု ဖြေလိုက်ရပါတော့သည်။

ကျွန်တော်ကတော့ အမေ့ရွာသရက်တောင်မှ ခနိချပ်များကို အဖေ့ရွာ ငပသုန်သို့ သုံးခေါက်တိတိပို့လိုက်ရာ အကြွေးကျေပြီး အမြတ်တောင်နည်းနည်းကျန်ခဲ့လေသည်။ ဤသို့ပို့နိုင်ရေးအတွက် ငပသုန်ရွာမှ ခနိချပ်ဝယ်လိုသူများကို စာရင်းကောက်ယူပြီး ပို့ပေးခြင်းပင်ဖြစ်ပေသည်။ လှေမျောလို့လှေနဲ့ဆယ်သည်ဟုပဲ ကျွန်တော် ခံယူလိုက်မိပေတော့သည်။

■ ■ ■ ■ ■ ■ ■

## ဆယ်နှစ်တိုင်တိုင်

ကျွန်တော်သည် ၁၉၇၅-၁၉၇၆ ခု ပညာသင်နှစ်တွင် မြေပုံမြို့နယ် ပညာရေးမှူးရုံး၌ နဝမတန်းစာမေးပွဲအတွက် (အပြင်ဖြေ) လျှောက်လိုက်သည်။ ကျွန်တော်၏ နဝမတန်းစာမေးပွဲဖြေဆိုရမည့် ခုံအမှတ် နပ/၁ ပင်ဖြစ်ပါသည်။

ကျွန်တော် နဝမတန်းစာမေးပွဲကို (အပြင်ဖြေ) နဲ့ဖြေမည်ဟု သိလိုက်ရချိန်တွင် သရက်တောင်ရွာနှင့်အနီးဆုံး ကမ်းထောင်းကြီးရွာက ကိုမောင်မောင်ထွန်း၊ ကိုရွှေတင်အေးတို့ဆီကလည်း ဘာသာရပ်ဆိုင်ရာ လက်ရေးမူကူးစာများ ပေးပို့ကြသည်။ ကျွန်တော့်မှာ ကောက်ရိုးတစ်မျှင်သည်လည်း အားကိုးရာဖြစ်နေရသော အခြေအနေမျိုးတွင် သူတို့ဆီကပေးပို့သော မှတ်စုများသည်လည်း ဘာသာရပ်ဆိုင်ရာအတွက် အထောက်အကူဖြစ်စေခဲ့သည်။

ကျွန်တော် နဝမတန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုပြီး၍ တစ်လခန့်အကြာမှာပဲ ကျွန်တော့်အတွက် ဝမ်းသာစရာသတင်းစကား ကျွန်တော့်ဆီ ရောက်လာခဲ့သည်။ အကြောင်းမှာ မြို့နယ်ပါတီယူနစ်ကော်မတီ လူမှုရေးတာဝန်ခံဆိုသူပုဂ္ဂိုလ်သည် ပါတီစည်းရုံးရေးအတွက် သရက်တောင်ရွာသို့ ရောက်လာခဲ့သည်။

**ဆက်လက်ဖော်ပြပါမည်။**

## အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၂၀(ဂ) တွင် သတ်မှတ်ပြဋ္ဌာန်းချက်အရ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို နိုင်ငံတော်၏မတည်ထောက်ပံ့ငွေဖြင့် ထူထောင်ထားရှိပြီး အဆိုပါရန်ပုံငွေမှ ပြည်ထောင်စုနယ်မြေနေပြည်တော်နှင့်တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ သက်သာသောအတိုးနှုန်းဖြင့် မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ချေးငွေများထုတ်ချေးပေးလျက်ရှိပါသည်။

၂။ အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှထုတ်ချေးသောချေးငွေကို ရယူလိုသူ MSME လုပ်ငန်းရှင်များ ချေးငွေရယူမှု ပိုမိုအဆင်ပြေစေရန်အတွက် မြန်မာ့စီးပွားရေးဘဏ်အပြင်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်ပုဂ္ဂလိကဘဏ် (၁၅) ဘဏ်တွင်လည်း ချေးငွေများလျှောက်ထားနိုင်ပြီဖြစ်ပါသည်-

- (က) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊
- (ခ) ကမ္ဘောဇရတနာဘဏ်လီမိတက်၊
- (ဂ) ရွှေ(ကျေးလက်နှင့်မြို့ပြ)ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊
- (ဃ) ပထမပုဂ္ဂလိကဘဏ်လီမိတက်၊
- (င) ကမ္ဘောဇဘဏ်လီမိတက်၊
- (စ) အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်လီမိတက်၊
- (ဆ) မြန်မာ့အရှေ့တိုင်းဘဏ်လီမိတက်၊
- (ဇ) မြန်မာ့ခရီးသွားဘဏ်လီမိတက်၊
- (ဈ) မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊
- (ည) သမဝါယမဘဏ်လီမိတက်၊
- (ဋ) မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၊
- (ဌ) မြန်မာမက်ထရိုဘဏ်လီမိတက်၊
- (ဍ) ဧရာဝတီဘဏ်လီမိတက်၊
- (ဎ) သတ္တုဖွံ့ဖြိုးရေးဘဏ်၊
- (ဏ) ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်၊
- (တ) ဧရာဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊

၃။ သို့ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ချေးငွေလျှောက်ထားရာတွင် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီရုံးခွဲများမှတစ်ဆင့် လျှောက်ထားနိုင်ပြီး နီးစပ်ရာ MSME အေဂျင်စီရုံးခွဲများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သောဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ် (Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက်နိုင်ငံကူးလက်မှတ် (Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အားဆောင်ရွက်ပြီး တရားဝင်သွားရောက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စာဆိုဗိမာန်အဆောက်အဦ ရတနာပန္နက်တော်တင်မင်္ဂလာအခမ်းအနား အောင်မြင်စွာပြီးမြောက်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းပေးစဉ်။

❑ **ရှေ့ဖုံးမှအဆက်**

ကောင်စီတွဲဖက်အတွင်းရေးမှူးဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur၊ မြန်မာ-အိန္ဒိယချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ အမျိုးသား စာပေတစ်သက်တာဆုရ စာရေးဆရာကြီးများနှင့် ဆရာမကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားမှူးက မင်္ဂလာအခါတော်စာတမ်းကိုဖတ်ကြားပြီး မင်္ဂလာအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စာဆိုဗိမာန်အဆောက်အဦတည်ဆောက်မည့် ဗဟိုနေရာ၌ ရတနာပန္နက်တိုင်ကို စိုက်ထူပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် အမျိုးသားစာပေတစ်သက်တာဆုရ စာရေးဆရာကြီး၊ ဆရာမကြီးတို့က သတ်မှတ်နေရာများ၌ အစီအစဉ်အတိုင်း ပန္နက်တော်တင်ကြပြီး ပန္နက်တော်များအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စာဆိုဗိမာန်အဆောက်အဦ ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနား အောင်မြင်စွာပြီးမြောက်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းပေးသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ စာဆိုဗိမာန်တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် အိန္ဒိယနိုင်ငံ၏ အကူအညီအထောက်အပံ့ဖြင့် သုံးထပ်အဆောက်အဦအဖြစ် တည်ဆောက်သွားမည့်အခြေအနေများ၊ အဆောက်အဦအားစနစ်တကျတည်ဆောက်နိုင်ရေး ကော်မတီများဖွဲ့စည်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စာဆိုဗိမာန်အား အထပ်အလိုက် ပြခန်းများခင်းကျင်းပြသသွားမည့်အခြေအနေများနှင့် ယခင်အဆောက်အဦအား စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်အဖြစ် ပြင်ဆင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဆောက်အဦများအား စနစ်တကျ တည်ဆောက်သွားရန်နှင့် ရှေးစာဆိုတော်ကြီးများ၏ ခေတ်အလိုက် ပန်းချီများ၊ ဓာတ်ပုံများ၊ ရုပ်တုများကို ကြိုတင်၍ ရနိုင်သလောက်စုဆောင်းထားရှိရန်လိုကြောင်း၊ ဂီတစာဆိုတော်ကြီးများ၏ မှတ်တမ်းများနှင့်ပတ်သက်၍လည်း ကြိုတင်စုဆောင်းထားရှိရန်လိုကြောင်း၊ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်ကို ဆောင်ရွက်ရာတွင်လည်း စာပေများကိုဖတ်ရှုနိုင်ရန်အတွက် စာဖတ်ခန်းများကို အဓိကထည့်သွင်း၍ စနစ်တကျဖြင့်ထားရှိသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အခမ်းအနား တက်ရောက်လာကြသည့် အမျိုးသားစာပေ **စာမျက်နှာ ၆ သို့** ❑



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး သတ်မှတ်နေရာ၌ ပန္နက်တော်တင်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး သတ်မှတ်နေရာ၌ ပန္နက်တော်တင်စဉ်။



မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur သတ်မှတ်နေရာ၌ ပန္နက်တော်တင်စဉ်။



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သတ်မှတ်နေရာ၌ ပန္နက်တော်တင်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက စာဆိုဗိမာန်သုံးထပ်အဆောက်အဦ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

**❖အဆောက်အဦများအား စနစ်တကျတည်ဆောက်သွားရန်နှင့် ရှေးစာဆိုတော်ကြီးများ၏ ခေတ်အလိုက် ပန်းချီများ၊ ဓာတ်ပုံများ၊ ရုပ်တုများကို ကြိုတင်၍ရနိုင်သလောက် စုဆောင်းထားရှိရန်လို၊ ဂီတစာဆိုတော်ကြီးများ၏ မှတ်တမ်းများနှင့်ပတ်သက်၍လည်း ကြိုတင်စုဆောင်းထားရှိရန်လို၊ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်ကို ဆောင်ရွက်ရာတွင်လည်း စာပေများကိုဖတ်ရှုနိုင်ရန်အတွက် စာဖတ်ခန်းများကို အဓိကထည့်သွင်း၍ စနစ်တကျဖြင့်ထားရှိသွားရန်လို. . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသည့် အမျိုးသားစာပေတစ်သက်တာဆုရ စာရေးဆရာကြီး၊ ဆရာမကြီးများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

❑ **စာမျက်နှာ ၅ မှအဆက်**

တစ်သက်တာဆုရ စာရေးဆရာကြီး၊ ဆရာမကြီးများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါစာဆိုဗိမာန်အဆောက်အဦကို သုံးထပ်အဆောက်အဦအဖြစ်တည်ဆောက်သွားမည်ဖြစ်ပြီး တည်ဆောက်ပြီးစီးပါက စာပေဖွံ့ဖြိုးမှုဆိုင်ရာ ဆောင်ရွက်မှုသမိုင်းမှတ်တမ်းဓာတ်ပုံများ၊ စာဖတ်ခန်းနှင့် စာကြည့်တိုက်၊ သမိုင်းဝင်ဂီတအနုပညာများ ခင်းကျင်းပြသမည့် ပြခန်းများ၊ ပေပုရပိုက်များ ခင်းကျင်းပသမည့် ပြခန်းများ၊ သမိုင်းဝင်ကဗျာများ ခင်းကျင်းပြသမည့်ပြခန်းများ၊ စာပေဆုရခဲ့ဖူးသော စာအုပ်စာပေများ ခင်းကျင်းပြသမည့် ပြခန်းများ၊ မြန်မာနိုင်ငံ၌ ထင်ရှားကျော်ကြားခဲ့သည့် ခေတ်သုံးခေတ်မှ စာဆိုတော်ကြီးများ၊ တစ်သက်တာစာပေဆုရရှိခဲ့ကြသည့် စာပေပညာရှင်များနှင့် ကဗျာဆရာများ၏ ရုပ်တုများထားရှိသည့် ပြခန်းများကို ထည့်သွင်းထားရှိသွားမည်ဖြစ်သည်။

ယခင်စာပေဗိမာန်စာကြည့်တိုက်သည် စာပေဗိမာန် ၃ ထပ်အဆောက်အဦ၏ ပထမထပ်တွင်တည်ရှိပြီး ယခုတိုးတက်လာသည့် လူဦးရေနှင့် မြို့ပြဖွံ့ဖြိုးမှု အခြေအနေများအရ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် **“အမှောင်ခွင်း၍ အလင်းဆောင်အံ့”** ဟူသော စာပေဗိမာန်၏ ဆောင်ပုဒ်နှင့်အညီ နိုင်ငံသားများ အသိဉာဏ်ပညာတိုးပွားစေရန်၊ မြန်မာစာပေဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေရန်၊ ပြည်သူများဗဟုသုတဖြစ်စေရန်နှင့် စာဖတ်သည့် အလေ့အကျင့်များ တိုးပွားစေရန်ရည်ရွယ်၍ ယခင်အဆောက်အဦအား ပြန်လည်ပြုပြင်မွမ်းမံ၍ စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်အဖြစ် ပြောင်းရွှေ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)





အမျိုးသားစာပေတစ်သက်တာဆုရ စာရေးဆရာကြီး၊ ဆရာမကြီးတို့က သတ်မှတ်နေရာ၌ ပန္နက်တော်တင်စဉ်။

# ပညာရေးဝန်ကြီးဌာနနှင့် ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၄ ခုနှစ် မြို့နယ်ငါးမြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၉

ပညာရေးဝန်ကြီးဌာနနှင့် ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် မြို့နယ်ငါးမြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာလုပ်အားပေး နည်းပြများနှင့် ကြီးကြပ်များ တက်ရောက်ကြသည်။




အခမ်းအနားတွင် စဉ်ဆက်ပညာရေးလုပ်ငန်း ဗဟိုကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရောဝတီတိုင်းဒေသကြီးအတွင်း ရှိမြို့နယ်ငါးမြို့နယ် စဉ်ဆက်ပညာရေး လုပ်ငန်းမှ ကနဦးကောက်ယူရရှိထားသည့် စာသင်သား ၄၉၆၁ ဦး၊ စာသင်ဝိုင်းပေါင်း ၄၇၉ ဝိုင်းဖြင့် စေတနာလုပ်အားပေး နည်းပြ၊ ကြီးကြပ် ၁၀၀၇ ဦးတို့က တစ်ရက်ပျမ်းမျှ သုံးနာရီနှုန်းဖြင့် ပျမ်းမျှနာရီပေါင်း ၂၇၀၊ ရက်ပေါင်း ၉၀ ကြာ စာဖတ်ရှိန်မြှင့်တင်ခြင်း၊ ဝင်ငွေတိုးပွားရေးအတွက် ချိတ်ဆက်ပေးခြင်းနှင့် ဘဝသာယာရေး အသိပညာပေးခြင်းအစီအစဉ် (၃)ရပ်ပါဝင်သည့် လုပ်ငန်းဆောင်တာများကို အသိပညာပေးခြင်း၊ မျှဝေပေးခြင်းစသည့် သင်ကြားသင်ယူမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရောဝတီတိုင်းဒေသကြီး မြို့နယ်ငါးမြို့နယ် အတွက်စဉ်ဆက်ပညာရေးလုပ်ငန်းကြီးကြပ်၊ နည်းပြများနှင့် စာသင်သားသုံး ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆရာ၊ ဆရာမများကို ဂုဏ်ပြုဆုငွေများပေးအပ်ကာ စာသင်သားနှင့် နည်းပြများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။ ရက်ပေါင်း ၉၀ စဉ်ဆက်ပညာရေးလုပ်ငန်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၈ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၈ ရက်အထိ ကျင်းပဆောင်ရွက်ရန် စီစဉ်ထားကြောင်း သိရသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း ပုသိမ်တက္ကသိုလ် ဇီဝအရင်းအမြစ်နှင့် ဇီဝနည်းပညာဖွံ့ဖြိုးရေးဌာန၊ ပုသိမ်ပညာရေးဒီဂရီကောလိပ်၊ ရောဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံး၊ ညောင်တုန်းမြို့နယ် ဖရုံဆိပ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းနှင့်ညောင်တုန်းမြို့နယ် မဲဇလီကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာ အမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ၂၀၂၄ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့အခမ်းအနား ကျင်းပ




**နေပြည်တော် အောက်တိုဘာ ၉**

၂၀၂၄ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှူမွန်နှင့် ဦးအောင်မြိုင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် တာဝန်ရှိသူများ၊ ဆုရကျောင်းသား၊ ကျောင်းသူများ၊ မိဘများတက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးလှူမွန်က ကမ္ဘာ့စာပို့တိုက်သမဂ္ဂက ယခုနှစ်အတွက် ဆောင်ပုဒ်ကို “ မြေကမ္ဘာအနှံ့ စာပို့ဝန်ထမ်းရှက် နှစ် ၁၅၀ တိုင်မပျက်ကွက်” (150 years of enabling communication and empowering peoples across nations) ကို ရွေးချယ်သတ်မှတ်ပြီး အများပြည်သူများအတွက် စာပို့ဝန်ဆောင်မှုများကို နောင်လာမည့် နှစ်ပေါင်းများစွာအထိ ပေးအပ်ဆောင်ရွက်ရန် ကတိကဝတ်ပြုထားကြောင်း ပြောကြားသည်။

ထို့နောက် ဆွစ်ဇာလန်နိုင်ငံအခြေစိုက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂဌာနချုပ် (UPU) ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့လာသည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့သဝဏ်လွှာ Video Clip ၊ ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်မှတ်တမ်းနှင့် မြန်မာ့စာတိုက်လုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်ချက် Video Clip တို့ကိုပြသပြီး ဒုတိယဝန်ကြီးက (၅၃) ကြိမ်မြောက် အသက် ၁၅ နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်)၌ ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသူများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးများသည် အခမ်းအနားသို့တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု




**ပြည် အောက်တိုဘာ ၉**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းသည်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ အောက်တိုဘာလ ၈ ရက် နံနက်ပိုင်းက ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်မြို့ မှော်ဇာကျေးရွာ၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုအား ကွင်းဆင်းကြည့်ရှု အားပေးခဲ့သည်။ ၎င်းနောက် မှော်ဇာကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးတင်ထွန်းအောင်၏ ဒေသကြက်ကောင်ရေတစ်သောင်း မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် တိရစ္ဆာန်အစာပြုလုပ်ကျွေးမွေးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့ ရွာဘဲရပ်ကွက်၌ ဒေသခံလူငယ်များ ကျန်းမာကြံ့ခိုင်စေရေးနှင့် အားကစားကဏ္ဍ ပိုမိုစိတ်ဝင်စားလာစေရေး ဖူဆယ်ကွင်းတည်ဆောက်နေမှုလုပ်ငန်းခွင်နှင့် ရွှေဝါထွန်းကောက်စိုက်စက်ထုတ်လုပ်ရေးအလုပ်ရုံတို့သို့ ရောက်ရှိခဲ့ပြီး ကောက်စိုက်စက်တီထွင်ထုတ်လုပ်နေမှုအား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းက ပြည်မြို့ တည်ဆောက်ရေး(၂)အစည်းအဝေးခန်းမ၌ကျင်းပသည့် ပြည်မြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာ (APTERR) အစီအစဉ်(၃)အရ ကိုရီးယားနိုင်ငံမှ လှူဒါန်းသောဆန်အိတ်များ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ခဲ့သည်။

အဆိုပါအစီအစဉ်သည် ရေဘေးသင့်ခဲ့သည့် ပြည်မြို့နယ်မှ ရပ်ကွက်နှစ်ခု၊ ကျေးရွာအုပ်စုသုံးစုရှိ အိမ်ထောင်စု ၆၈၀၊ လူဦးရေ ၂၇၁၉ ဦးအတွက် ဆန်အိတ်ပေါင်း ၂၄၈ အိတ်အား ထောက်ပံ့ပေးခြင်းဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်မြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် ရပ်ကွက်နှစ်ခုအတွက် ဆန်အိတ်များကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားခဲ့ကာ ကိုရီးယားနိုင်ငံမှ လှူဒါန်းသည့်ဆန်အိတ်များအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# သံဝေဇနိယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ)စေတီတော်နှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် အောက်တိုဘာ ၉**

နေပြည်တော် သံဝေဇနိယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ)စေတီတော်နှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ရုံးအမှတ်(၃၁) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ(အပေါ်ထပ်)၌ ကျင်းပသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သံဝေဇနိယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ)စေတီတော်ကြီး ဘက်စုံမွမ်းမံပြင်ဆင်ခြင်း ဆောင်ရွက်ရန်အတွက် သာသနိကအဆောက်အအုံများ ပြုပြင်ခြင်း၊ ရောင်တော်ဖွင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကုန်ကျစရိတ်ကို အင်ဂျင်နီယာ ပညာရှင်အဖွဲ့ဖြင့်တွက်ချက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်ပေးစေလိုကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မြန်မာနိုင်ငံရှိ ထင်ရှားသော ဘုရား၊ စေတီ၊ ပုထိုးများကို အများပြည်သူ Online မှတစ်ဆင့်ဖူးမြော်လေ့လာနိုင်ရေးအတွက် Pagoda Digital Directory Web Portal ရေးဆွဲဆောင်ရွက်လျက်ရှိရာ သံဝေဇနိယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ)စေတီတော်ဆိုင်ရာတို့အား Pagoda Digital Directory တွင် ထည့်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် သံဝေဇနိယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ)စေတီတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုသိုလ်ယူပိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်၊ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သံဝေဇနိယလေးဌာန နာယက၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သံဝေဇနိယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ)စေတီတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(မြဝတီ)

# ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း၏ Chief of Mission ဖြစ်သူ Mr. Daihei Mochizuki ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၉**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (International Organization for Migration– IOM)၏ Chief of Mission ဖြစ်သူ Mr. Daihei Mochizuki ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံအသီးသီးတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ လုံခြုံစိတ်ချစွာ ရွှေ့ပြောင်းလုပ်ကိုင်နိုင်ရေး၊ လူမှုကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေး၊ ရွှေ့ပြောင်းအလုပ်သမားများအား လူသားချင်း စာနာထောက်ထားမှုအကူအညီများ ဆောင်ရွက်ပေးခြင်းတို့ကို IOM မှ ကူညီဆောင်ရွက်ပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပြီး IOM နှင့် အလုပ်သမားရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် MoU လက်မှတ်ရေးထိုးရေး ကိစ္စရပ်များနှင့် အလုပ်သမားဝန်ကြီးဌာနနှင့် IOM တို့ ပူးပေါင်းပြီး နိုင်ငံတကာလုပ်သားများ ရွှေ့ပြောင်းသွားလာခြင်းစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အလုပ်သမားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းမှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# အာဆီယံခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပ




**နေပြည်တော် အောက်တိုဘာ ၉**

(၁၈)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ယှဉ်ပြိုင်စွမ်းရည်မြှင့်တင်ရေး ကော်မတီအစည်းအဝေး၊ (၁၈)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အများပြည်သူပါဝင်ရေး ကော်မတီအစည်းအဝေး၊ (၃၂)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များကြီးကြပ်မှုကော်မတီ အစည်းအဝေးနှင့် (၁၈)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း အရင်းအမြစ်ရှာဖွေဖော်ထုတ်ရေး၊ ကြီးကြပ်ရေးနှင့် စစ်ဆေးအကဲဖြတ်ရေးကော်မတီ အစည်းအဝေးများကို အောက်တိုဘာလ ၉ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ In Person စနစ်ဖြင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည်။

အဆိုပါ အစည်းအဝေးများ၏ ဖွင့်ပွဲအခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်၍ မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည် တိုးတက်ဝင်ရောက်လာရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးလာရေးအတွက် အာဆီယံအပါအဝင်ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးများသို့ မြန်မာနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှအဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး (၁၈)ကြိမ်မြောက်အာဆီယံခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အများပြည်သူပါဝင်ရေး ကော်မတီအစည်းအဝေးတွင် မြန်မာနိုင်ငံက ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေးများသို့ ပါဝင်တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား ကြိုဆိုဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြဝတီ)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိစစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၃၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၃၀၀၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာကြည့်မည်ဆိုပါက ထိုနိုင်ငံ၏ လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များဆန်းစစ်ခြင်းဖြင့် သိရှိနိုင်သည့်အတွက် စာရင်းအင်းဆိုင်ရာကိန်းဂဏန်းအချက်အလက်များ တိကျမှန်ကန်စွာရရှိရေးသည် အလွန်အရေးကြီးသည်။ နိုင်ငံတိုင်း၌ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီဖွံ့ဖြိုးတိုးတက်ရန် မူဝါဒချမှတ်ခြင်း၊ စီမံကိန်းများသတ်မှတ်ရေးဆွဲခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို အခြေခံအဖြစ်အသုံးပြုရသည်။ ထိုသို့အခြေခံအသုံးပြုရသည့် အချက်အလက်များကို သန်းခေါင်စာရင်းကောက်ယူခြင်းဖြင့်သာ ရရှိနိုင်သည့်အတွက် ကမ္ဘာ့နိုင်ငံများအလိုက် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ရှေးမြန်မာမင်းများလက်ထက် သာလွန်မင်းတရားနှင့် ဘိုးတော်ဘုရားတို့က စစ်တမ်းများကောက်ယူစေခဲ့ကြောင်း တွေ့ရသည်။ ထိုစစ်တမ်းများသည် ယနေ့ခေတ် သန်းခေါင်စာရင်းနှင့်အလားသဏ္ဌာန်တူသည်။ ပထမဆုံး သန်းခေါင်စာရင်းကောက်ယူခြင်းကိုနယ်ချဲ့လက်အောက် ၁၈၇၂ ခုနှစ်တွင်ပြုလုပ်ခဲ့သည်။ ထို့နောက် ၁၈၈၁ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ ၁၀ နှစ်လျှင် တစ်ကြိမ်စုစုပေါင်းခုနစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူသည်။ လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံအစိုးရသည် ၁၉၅၃ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ အဆင့်များသတ်မှတ်၍ သန်းခေါင်စာရင်းကောက်ယူရန်စီမံကိန်းချမှတ်ကောက်ယူခဲ့သည်။ ထိုသန်းခေါင်စာရင်းသည် မြန်မာနိုင်ငံအကျယ်အဝန်း၏ ရာခိုင်နှုန်း ၃၀ မျှသာကိုယ်စားပြုသဖြင့် ၁၉၆၁ ခုနှစ်တွင် ထပ်မံကောက်ယူရန် စီစဉ်ခဲ့သော်လည်း မကောက်ယူနိုင်ခဲ့ပေ။

ထို့နောက် ၁၉၇၃ ခုနှစ် ဧပြီလ ၁ ရက်မှ ၅ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်သန်းခေါင်စာရင်းကောက်ယူခဲ့သလို ၁၀ နှစ်အကြာ ၁၉၈၃ ခုနှစ်တွင်လည်း ထပ်မံကောက်ယူနိုင်ခဲ့သည်။ နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်းမကောက်ယူနိုင်ဘဲ နှစ်ပေါင်း ၃၀ အကြာ ၂၀၁၄ ခုနှစ်သို့ရောက်မှသာ သန်းခေါင်စာရင်း ပြန်လည်ကောက်ယူနိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောင်မြင်စွာကောက်ယူနိုင်သည့်အတွက် နိုင်ငံတော်ကလိုအပ်နေသော စာရင်းအင်းဆိုင်ရာအချက်အလက်များ ပြည့်စုံစွာရရှိခဲ့သည်။ ထို့အတူ ကြားဖြတ်သန်းခေါင်စာရင်းကိုလည်း ၂၀၁၉ ခုနှစ်တွင် အောင်မြင်စွာကောက်ယူနိုင်ခဲ့သဖြင့် စာရင်းအင်းအချက်အလက်အသုံးပြုနိုင်မှု ပိုမိုအားကောင်းလာခဲ့သည်။

**❖ လူတစ်ဦးချင်းစီ၏ အချက်အလက်အကြောင်းအရာများ၊ အိမ်ထောင်စုနှင့် ပတ်သက်သောအကြောင်းအရာများအား တည်ဆဲဥပဒေဖြစ်သည့် ၂၀၁၃ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဥပဒေက လုံခြုံစိတ်ချစွာ အကာအကွယ်ပေးထားပြီးဖြစ် . . .**

**❖ သန်းခေါင်စာရင်းကောက်ယူသည့် အချက်အလက်များကို သန်းခေါင်စာရင်းဆိုင်ရာကိစ္စမှတစ်ပါး အခြားမည်သည့်ကိစ္စတွင်မျှ အသုံးပြုခြင်း သို့မဟုတ် စစ်ဆေးခြင်း မပြုဟု ဥပဒေတွင်ပါရှိပြီးဖြစ် . . .**

နိုင်ငံတကာတွင် သန်းခေါင်စာရင်းကို ၁၀ နှစ်တစ်ကြိမ်ကောက်ယူသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူအပြီး ၁၀ နှစ်အကြာ ယခု ၂၀၂၄ ခုနှစ်တွင် ထပ်မံ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ ၁၀ ရက် **(ယနေ့)** ဆိုလျှင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း (၁၀) ရက် မြောက်နေ့ကိုပင် ကောက်ယူနေပြီဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ၂၀၁၃ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းဥပဒေအရ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ် ဇွန်လ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁၅/၂၀၂၂) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရသည့် ရည်ရွယ်ချက်များမှာ မြန်မာနိုင်ငံ၏ တိကျမှန်ကန်သည့် လူဦးရေနှင့်လူမှုစီးပွားဆိုင်ရာ စာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ရရှိစေရန်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြား မြန်မာနိုင်ငံ၏ လူဦးရေနှင့်လူမှုစီးပွားရေးဆိုင်ရာပြောင်းလဲမှုများကို နှိုင်းယှဉ်လေ့လာသုတေသနပြုပြီး လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒများချမှတ်နိုင်ရန်၊ စီမံကိန်းများ၊ မဟာဗျူဟာ၊ နည်းဗျူဟာများရေးဆွဲဆောင်ရွက်နိုင်ရန်၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(Myanmar Sustainable Deve-lopment Plan-MSDP) ကို အကောင်အထည်ဖော်ရာ၌ လိုအပ်သည့် အညွှန်းကိန်းများပံ့ပိုးပေးနိုင်ရန်၊ မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ် (National Stati-stical System) ၏ စာရင်းအင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်မဟာဗျူဟာ ( National Strategy for Deve-lopment of Statistics-NSDS) ကို အထောက်အပံ့ပြုနိုင်ရန်နှင့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲစာရင်းမှန်ကန်စေရေး အထောက်အကူဖြစ်စေရန်တို့အတွက်ဖြစ်သည်။

သန်းခေါင်စာရင်း ကောက်ယူရာတွင် သန်းခေါင်စာရင်းမေးခွန်း ၆၈ ခုပါဝင်သည့် အိမ်ထောင်စုမေးခွန်းပုံစံနှင့် မေးခွန်း ၁၈ ခုပါဝင်သည့် အဖွဲ့အစည်းမေးခွန်းပုံစံများကို အသုံးပြုမေးမြန်းကောက်ယူလျက်ရှိသည်။ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာတွင် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း၊ စာရင်းကောက်ယူခြင်းလုပ်ငန်း၊ စာရင်းဇယားပြုစုခြင်းလုပ်ငန်း၊ ဆန်းစစ်ခြင်းနှင့်အစီရင်ခံစာထုတ်ပြန်ခြင်းလုပ်ငန်းဟူ၍ လုပ်ငန်းအဆင့်(၄)ဆင့်ဖြင့် စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရန်အတွက် သန်းခေါင်စာရင်းရည်ညွှန်းချိန်ကို ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်အား သတ်မှတ်ထားရာ သန်းခေါင်စာရင်းရည်ညွှန်းချိန်၏ နောက်တစ်ရက်ဖြစ်သော အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်နေ့အထိ ရက်ပေါင်း ၁၅ ရက်ကြာ တစ်နိုင်ငံလုံး တစ်ပြိုင်တည်း ကောက်ယူမည်ဖြစ်သည်။ ယင်းသို့ဆောင်ရွက်မှုသည် လူဦးရေစုစုပေါင်း ၅၆ သန်းကျော်ရှိ အိမ်ထောင်စုပေါင်း ၁၃ သန်းခန့်ကို စာရင်းကွက်ပေါင်း ၁၁၀၀၀၀ ခန့်ခွဲကာ လျာထားသတ်မှတ်ဆောင်ရွက်ခြင်းဖြစ်သည်။

သန်းခေါင်စာရင်းကောက်ယူရာတွင် အိမ်တိုင်ရာရောက်လာရောက်ပြီး အိမ်ထောင်စုအလိုက် လူဦးရေနှင့်အိမ်အကြောင်းအရာအချက်အလက်များကိုလည်းကောင်း၊ အဖွဲ့အစည်းများထံ သွားရောက်၍အဖွဲ့အစည်းအလိုက်စာရင်းအင်းအချက်အလက်များကိုလည်းကောင်း မေးခွန်းများ မေးမြန်းကောက်ယူသွားမည်ဖြစ်သည်။ အိမ်ထောင်စုများတွင်ရှိသော အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုကိုကိုယ်စားပြုသည့် အရွယ်ရောက်ပြီးသူတစ်ဦးက ဖြေကြားရန်ဖြစ်သည်။ ထိုသို့ဖြေကြားရာတွင်မေးခွန်းပါအချက်အလက်များအပေါ် တိတိကျကျ မှန်မှန်ကန်ကန်ဖြေဆိုကြရေး အလွန်အရေးကြီးသည်။ မေးခွန်းများကို မှန်ကန်စွာဖြေကြားပေးမှသာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၏ ရည်ရွယ်ချက်များပြည့်မီမည်ဖြစ်သည့်အတွက် အိမ်ထောင်စုများအလိုက်၊ အဖွဲ့အစည်းများအလိုက် အားတက်သရော ပါဝင်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။

အဖွဲ့အစည်းဟုဆိုရာတွင် ဘုန်းကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ ဘိုးဘွားရိပ်သာများ၊ ပြုစုစောင့်ရှောက်ရေးဂေဟာများ၊ ဆေးရုံများ၊ အကျဉ်းထောင်များ၊ စစ်တန်းလျားများ၊ အိုးမဲ့အိမ်မဲ့ဖြစ်နေသူများ၊ မသန်စွမ်းကျောင်းများ၊ ရွှေ့ပြောင်းသွားလာလုပ်ကိုင်နေသူများ စသည်ဖြင့် အစုအဖွဲ့လိုက် နေထိုင်ကြသူများကိုဆိုလိုပြီး အဖွဲ့အစည်း၏တာဝန်ခံကိုမေးမြန်းကောက်ယူသွားမည်ဖြစ်သည်။ သန်းခေါင်စာရင်းမှရရှိသော အချက်အလက်များသည် လူတစ်ဦးချင်းစီမှအဖွဲ့အစည်းလိုက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးနှင့်ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကိစ္စရပ်များအပါအဝင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်ခံစားရသူများ ကယ်ဆယ်ရေး စသည့် ဘက်စုံ၊ ကဏ္ဍစုံအတွက် မဖြစ်မနေအခြေခံအသုံးပြုရမည့် အချက်အလက်များပင်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူတိုင်းပါဝင်ခွင့်ရသည့်တစ်ခုတည်းသော လုပ်ငန်းစဉ်ဖြစ်သည့်အတွက် ပြည်သူတစ်ဦးချင်းစီက ဝိုင်းဝန်းပံ့ပိုးဖြည့်ဆည်းဆောင်ရွက်မှသာ အောင်မြင်ပြီးမြောက်မည်ဖြစ်သည်။

သန်းခေါင်စာရင်းကောက်ယူရာမှ ရရှိသည့်အချက်အလက်များအရ ဒေသအလိုက် ဆရာအချိုးနှင့်ကျောင်းသားအချိုး ချင့်ချိန်နိုင်ခြင်း၊ လိုအပ်သော ကျောင်းအဆောက်အအုံ၊ သင်ထောက်ကူပစ္စည်းများဖြည့်တင်းခြင်း၊ ကျန်းမာရေးအတွက် လိုအပ်သောဆေးပေးခန်း၊ ကျန်းမာရေးဝန်ထမ်း ဆေးဝါးများဖြည့်တင်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်း၊ မသန်စွမ်းသူများအတွက် မှတ်ပုံတင်ခြင်း၊ သက်သေခံကတ်ပြားထုတ်ပေးခြင်းနှင့်ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော အိမ်သာစနစ်ထွန်းကားစေခြင်း၊ ရေအရင်းအမြစ်များဖြည့်တင်းပေးခြင်း၊ ပြန်ပြည့်မြဲစွမ်းအင်နှင့်ဆိုလာစွမ်းအင်တိုးချဲ့ခြင်း၊ ပြည်ပရောက်လုပ်သားများအတွက် အခွင့်အရေးများကို ထိုနိုင်ငံများရှိ သံရုံးများ၊ သံအရာရှိများက ထိရောက်စွာကာကွယ်ပေးနိုင်ခြင်း စသည်တို့ကို လိုအပ်သလိုစီမံခန့်ခွဲနိုင်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရာတွင် စာရင်းကောက်များမေးမြန်းကောက်ယူမည့် လူတစ်ဦးချင်းစီ၏အချက်အလက်အကြောင်းအရာများ၊ အိမ်ထောင်စုနှင့်ပတ်သက်သောအကြောင်းအရာများအား တည်ဆဲဥပဒေဖြစ်သည့် ၂၀၁၃ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဥပဒေက လုံခြုံစိတ်ချစွာအကာအကွယ်ပေးထားပြီးဖြစ်သည်။ မေးခွန်းမေးမြန်းခြင်းခံရသူသည် မှန်ကန်စွာဖြေဆိုရန်တာဝန်ရှိသလို စာရင်းကောက်များကလည်း ဖြေကြားချက်များကို စာရင်းပုံစံများတွင်မှန်ကန်စွာဖြည့်သွင်းကြမည်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူသည့်အချက်အလက်များကို သန်းခေါင်စာရင်းဆိုင်ရာကိစ္စမှတစ်ပါး အခြားမည်သည့်ကိစ္စတွင်မျှ အသုံးပြုခြင်း သို့မဟုတ် စစ်ဆေးခြင်း မပြုဟု ဥပဒေတွင်ပါရှိပြီးဖြစ်သည့်အတွက် နိုင်ငံသားတိုင်းသည် သံသယရှင်းစွာမေးမြန်းသမျှကို တိကျမှန်ကန်စွာဖြေကြားပေးရန် အထူးလိုအပ်သည်။

အချုပ်အားဖြင့်ဆိုရသော် မိမိတို့၏အကျိုး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏အကျိုး၊ နိုင်ငံတော်အကျိုးကို ရေရှည်မြော်မြင်လျက်အနာဂတ်ဘဝများသာယာလှပရေးအတွက် အဓိကကျသည့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို မိဘပြည်သူတစ်ရပ်လုံးက "အမျိုးသားရေးတာဝန်" အဖြစ်ခံယူကာ လက်တွဲညီညီ အားတက်သရောပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်ပါသဖြင့် "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" ဟု တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

**လင်းအရုဏ်ဦး(ပဲခူး)**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့၊ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့်၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ အားကစားနည်းအလိုက် ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၉

၂၀၂၄ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း/ရုံများတွင် ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနား ကျင်းပသည်။

၂၀၂၄ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား/အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇေယျာသီရိအားကစားရုံ (B) ၌ကျင်းပပြုလုပ်ရာ အမျိုးသားဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းကလည်းကောင်း၊ အမျိုးသမီးပွဲစဉ်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းကလည်းကောင်း ဆက်လက်အနိုင်ရရှိပြီး ဆုချီးမြှင့်ပွဲဆက်လက်ပြုလုပ်ရာ အမျိုးသား/အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် နေရာအလိုက်အကောင်းဆုံးဆုများနှင့်အမျိုးသမီးအကောင်းဆုံးအားကစားသမားဆုများ၊ အမျိုးသား/အမျိုးသမီး တတိယဆုရရှိသည့်အသင်းများအား တစ်ဦးချင်းဆုနှင့်ငွေသားဆုများ၊ အမျိုးသား/အမျိုးသမီး ဒုတိယဆုရရှိသည့် အသင်းများအား တစ်ဦးချင်းဆုနှင့်ငွေသားဆုများကို တာဝန်ရှိသူများက အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အမျိုးသား/အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုနှင့် တံခွန်စိုက်ဒိုင်းရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား



တပ်မတော်ဘော်လီဘောကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်သက်ထွန်းဦး အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယစစ်ဦးစီးအရာရှိချုပ်(လေ)ဗိုလ်ချုပ်ထွန်းဝင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် စွယ်စုံတံခွန်စိုက်ဒိုင်းရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်မြန်မာ့သိုင်းကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ထူးမြတ်တိုး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် စွယ်စုံတံခွန်စိုက်ဒိုင်းရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

တပ်မတော်ဘော်လီဘောကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်သက်ထွန်းဦးက တစ်ဦးချင်းဆုတံဆိပ်၊ငွေသားဆုနှင့်တံခွန်စိုက်ဒိုင်းကို ချီးမြှင့်ပေးအပ်ခဲ့သည်။

မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(C)၌ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပပြုလုပ်ရာ အားကစားအမျိုးအစားအလိုက်ဗိုလ်လုပွဲ ပွဲစဉ်များယှဉ်ပြိုင်ကစားကြပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားကီလိုတန်းအလိုက် ပထမ၊ ဒုတိယ၊ တတိယရရှိသည့် အားကစားသမားများ၊ လက်ထောက်နည်းပြ စွမ်းရည်ပြပြိုင်ပွဲတွင်ဆုရရှိသူများ၊ အမျိုးသား/အမျိုးသမီး အကောင်းဆုံးဆု၊ အမျိုးသမီးတံခွန်စိုက်ဒိုင်းဆု၊ အားကစားအမျိုးအစားအလိုက်ဒိုင်းဆုများနှင့် ရွှေ ၁၉ ခု၊ ငွေ ၁၂ ခု၊ ကြေးလေးခုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် စွယ်စုံတံခွန်စိုက်ဒိုင်းဆုနှင့်ဆင့်ပွားဒိုင်းဆုကို တပ်မတော်မြန်မာ့သိုင်းကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ထူးမြတ်တိုးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားရုံတို့၌ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားပြီး ဆုချီးမြှင့်ပွဲဆက်လက်ပြုလုပ်ရာ အားကစားအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယရရှိသောအသင်းများ၊ အလွတ်တန်းနှစ်ယောက်တွဲအသင်းလိုက်ပြိုင်ပွဲ (ပထမ)ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်း၊ ရွှေ၊ ငွေ၊ ကြေး ဒုတိယ၊ တတိယအများဆုံးရရှိသည့်အသင်းများနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ရေ၊လေ)ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် စွယ်စုံတံခွန်စိုက်ဒိုင်းရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းအား ဒုတိယစစ်ဦးစီးအရာရှိချုပ် (လေ) ဗိုလ်ချုပ်ထွန်းဝင်းနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါအားကစားပြိုင်ပွဲများသို့ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/ ၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြား



တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

ရာတွင် လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်စည်တင်မော်တော်ယာဉ် ဖမ်းဆီးရရှိမှုများက အများဆုံးဖြစ်ပြီး ဒုတိယအများဆုံးကလုပ်ငန်းသုံးကုန်ကြမ်းများဖြစ်ပြီး တတိယအများဆုံးက ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများဖြစ်ကြောင်း။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အနေဖြင့် တရားမဝင်ကုန်သွယ်မှု၏ အန္တရာယ်ကို အမြဲစောင့်ကြည့်ပြီး ထိန်းကျောင်းနိုင်ရန်အတွက်ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက်၊ အကောက်ခွန်ဆိုင်ရာ သဘောတူညီချက်၊ နည်းပညာအဟန့်အတားများဆိုင်ရာ သဘောတူညီချက်နှင့် ကုန်သွယ်မှုနှင့်ဆက်နွှယ်သည့် မူပိုင်ခွင့်ဆိုင်ရာ သဘောတူညီချက်များပါဝင်သည့် ပြဋ္ဌာန်းချက်များကို အသုံးပြုပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကမ္ဘာ့စီးပွားရေးဖိုရမ်၏လေ့လာတွေ့ရှိချက်များအရ တရားမဝင်ကုန်သွယ်မှုများသည်ကမ္ဘာလုံးဆိုင်ရာ GDP ၏၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိရှိပြီး ကမ္ဘာလုံးဆိုင်ရာ

**■ နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာတွင် တရားမဝင်ကုန်သွယ်မှုများသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်စေ . . .**

**■ တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာတိုက်ဖျက်ရန် ဦးဆောင်ကော်မတီဖွဲ့စည်းပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့သည်မှာ (၁၆)ကြိမ်ရှိပြီဖြစ်၊ အစည်းအဝေး(၁၅)ကြိမ်အထိ ဆုံးဖြတ်ချက် (၅၂၃)ချက်ချမှတ်ခဲ့ပြီး ဖမ်းဆီးရရှိမှုများအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအထိ (၂) နှစ်နှင့် (၈)လ ကာလအတွင်း အမှုတွဲ (၁၄၆၅၉) မှု၊ ခန့်မှန်းတန်ဖိုး ကျပ် (၃၀၀ ဒသမ ၀၂၈) ဘီလီယံဖမ်းဆီးရမိခဲ့၊ ဖမ်းဆီးရရှိမှုကို ကြည့်ရမည်ဆိုပါက တရားမဝင်ကုန်သွယ်မှုများကို တိုးမြှင့်ဖမ်းဆီးရရှိနိုင်ရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ် . . .**

နေပြည်တော် အောက်တိုဘာ ၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၄/၂၀၂၄) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်နှင့် ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့၏ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီနှင့် အဆင့်ဆင့်သော ပြည်နယ်နှင့် တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ အသီးသီးတို့၏ လုပ်ငန်းတာဝန်များအနက် အဓိကမှာ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေပြီး အဟန့်အတားဖြစ်စေမည့် တရားမဝင်ကုန်သွယ်မှုကိစ္စများနှင့် တရားမဝင်ကုန်သွယ်မှုကိစ္စများကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်နေကြသည့် တိုင်းရင်းသား လုပ်ငန်းရှင်များ၏ ကုန်ထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းဆောင်ရည်နှင့် စွမ်းဆောင်နိုင်မှုအားများကို ယုတ်လျော့စေခြင်း၊ ယှဉ်ပြိုင်နိုင်မှုဆုတ်ယုတ်စေခြင်း၊ မဖြစ်ပေါ်စေခြင်းအလို့ငှာ တရားမဝင် ကုန်သွယ်မှု လုပ်ဆောင်နေခြင်းများကို ပြတ်ပြတ်သားသားတားဆီးကာကွယ်ရမည့် တာဝန်ဖြစ်ကြောင်း၊ သို့မှသာ ကုန်ထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုမှတစ်ဆင့် ပို့ကုန်ကဏ္ဍနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍ မြင့်မားတိုးတက်လာစေခြင်း၊ ၎င်းမှတစ်ဆင့် ပြည်တွင်းသုံးစွဲမှုငွေလည်ပတ်မှုအားကောင်းစေမည့်ကဏ္ဍအပါအဝင် နောက်ဆုံးပြည်ပ ပို့ကုန်တင်ပို့နိုင်မှုကို ပိုမိုဖွံ့ဖြိုးတိုးတက်စေလျက် နိုင်ငံခြားငွေစီးဆင်းမှုကလည်း မြန်ဆန်သွက်လက်မှုဖြစ်ပေါ်စေပြီး နိုင်ငံ၏ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့်ဝန်ဆောင်မှု အခန်းကဏ္ဍအပိုင်းဘက်ကလည်း တစ်ပါတည်းလိုက်ပါဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ မိမိတို့၏ လုပ်ငန်းတာဝန်များသည်ကြီးမား ပြီး တရားမဝင်ကုန်သွယ်မှုကို မဖြစ်မနေ တားဆီးကာကွယ်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် သယံဇာတ ပေါကြွယ်ဝပြီး စိုက်ပျိုးရေးကို အဓိက အခြေခံသောနိုင်ငံဖြစ်သည့်အတွက် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ရာတွင် သဘာဝသယံဇာတထုတ်ကုန်များနှင့်စိုက်ပျိုးရေးထွက်ကုန်များကို အဓိကထုတ်လုပ်ခြင်းများကို အားပေးနေရမည်ဖြစ်သကဲ့သို့ ထုတ်ကုန်တိုးတက်ထုတ်လုပ်နိုင်ရေး၊ ပြည်ပပို့ကုန်အမယ်သစ်များ တင်ပို့နိုင်ရန်အတွက်လည်း နိုင်ငံတော်မှ စီမံချက်များချမှတ်ဆောင်ရွက်နေသည့်အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း MSME လုပ်ငန်းများကိုလည်း အင်တိုက်အားတိုက်အားပေးဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာတွင် တရားမဝင်ကုန်သွယ်မှုများသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိက အဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်စေကြောင်း။

တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာတိုက်ဖျက်ရန် ဦးဆောင်ကော်မတီဖွဲ့စည်းပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့သည်မှာ (၁၆)ကြိမ်ရှိပြီ ဖြစ်ကြောင်း၊ အစည်းအဝေး(၁၅)ကြိမ်အထိ ဆုံးဖြတ်ချက် (၅၂၃)ချက်ချမှတ်ခဲ့ပြီး ဖမ်းဆီးရရှိမှုများအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအထိ (၂) နှစ်နှင့် (၈)လ ကာလအတွင်း အမှုတွဲ (၁၄၆၅၉) မှု၊ ခန့်မှန်းတန်ဖိုး ကျပ်(၃၀၀ ဒသမ ၀၂၈) ဘီလီယံ ဖမ်းဆီးရမိခဲ့ကြောင်း၊ ယင်းပမာဏမှာ နိုင်ငံတော်၏ကုန်သွယ်မှုကဏ္ဍဖြင့်ကြည့်လျှင် အနည်းငယ်သာရှိကြောင်း၊ ဖမ်းဆီးရရှိမှုကို ကြည့်ရမည်ဆိုပါက တရားမဝင်ကုန်သွယ်မှုများကို တိုးမြှင့်ဖမ်းဆီးရရှိနိုင်ရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လနှင့်ဩဂုတ်လ အတွင်းဖမ်းဆီးရရှိမှုများတွင် အကောက်ခွန်ဦးစီးဌာနက အများဆုံးဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရရှိမှုအနေဖြင့် မန္တလေးတိုင်းဒေသကြီးက အများဆုံး၊ စစ်ကိုင်းတိုင်းဒေသကြီးက ဒုတိယအများဆုံးနှင့် ကချင်ပြည်နယ်က တတိယအများဆုံး ဖမ်းဆီးရမိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ကုန်ပစ္စည်းအုပ်စုအလိုက် ဖမ်းဆီးရရှိမှုများကို စိစစ်

စီးပွားရေးကို ဆိုးရွားသောအကျိုးဆက်များ ဖြစ်ပေါ်စေနိုင်ကြောင်းကို သုံးသပ်ထားကြောင်း။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး နိုင်ငံဖြတ်ကျော် မဟာမိတ်အဖွဲ့၏ အစီရင်ခံစာတွင် တရားမဝင်ကုန်သွယ်မှုများအနေဖြင့် ပါဆယ်ထုပ်ငယ်များနှင့် အွန်လိုင်းဈေးဝယ်ယူမှုတိုးတက်လာခြင်း၊ အွန်လိုင်းဈေးကွက်များနှင့် e-Commerce Platform များ တိုးပွားလာခြင်းများက သိသာထင်ရှားသည့် တရားမဝင်ကုန်သွယ်မှုပမာဏ တိုးတက်စေခြင်းဖြစ်ကြောင်းကို ဖော်ပြထားကြောင်း၊ ထို့အပြင် လွတ်လပ်သည့် ကုန်သွယ်မှုဇုန်-Free Trade Zones (FTZs) များအနေဖြင့်

**စာမျက်နှာ ၁၃ သို့ ⏭**

**ကုန်စည်တင်သွင်းမှုများတွင် အခွန်ပေးဆောင်ခြင်းမရှိဘဲ စံချိန်စံညွှန်းနှင့် အရည်အသွေးမပြည့်သည့် တရားမဝင်ကုန်စည်များတင်သွင်းခြင်းကြောင့် နိုင်ငံခြားသုံးငွေမှောင်ခိုဈေးကွက် အားကောင်းလာစေပြီး တစ်ဖက်တွင်လည်း တရားမဝင်သယ်ယူရောင်းချရသည့်အတွက် တစ်ဖက်ကုန်သွယ်ဖက်နိုင်ငံများက ကုန်သည်များ၏ လိုသလိုဈေးကစားခွင့်ဖြစ်ပေါ်စေ၊ တရားမဝင်ဆောင်ရွက်သည့်လုပ်ငန်းများ အားကောင်းလာခြင်းကြောင့်လည်း ပြည်တွင်းဈေးကွက်တွင် ကုန်ဈေးနှုန်းတည်ငြိမ်မှုကိုထိခိုက် . . .**

**နိုင်ငံတော်၏လိုအပ်ချက်အရ နိုင်ငံခြားငွေသုံးစွဲမှုကိုလျှော့ချပြီး သွင်းကုန်ပစ္စည်းတင်သွင်းမှုကို စိစစ်ကန့်သတ်မှုအပေါ်တွင် အခွင့်ကောင်းယူပြီး ပြည်တွင်းလိုအပ်ချက်ရှိသည့် ကုန်စည်များကို တရားမဝင်တင်သွင်းမှုများ ပြုလုပ်နေသည်ကို ယခုကာလအတွင်း အများဆုံးတွေ့ရှိရ၊ ၎င်းကို ထိထိရောက်ရောက်တားဆီးစစ်ဆေးဖမ်းဆီးနိုင်ရန်လိုပြီး မဆောင်ရွက်နိုင်ပါက နိုင်ငံအတွက်အခွန်ဝင်ငွေမရရှိဘဲ တရားမဝင်ကုန်သွယ်မှုများ ကြီးထွားလာနိုင်သကဲ့သို့ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အစည်းအသီးသီးကိုလည်း သက်ဆိုးရှည်စေမည်ဖြစ်၊ တရားမဝင်ကုန်သွယ်မှုကို ထိထိရောက်ရောက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုက်ဖျက်တားဆီးရန်လို . . .**

**တရားမဝင်ကုန်သွယ်မှုများကို နယ်စပ်ဒေသနှင့် ကုန်သွယ်မှုလမ်းကြောင်းပေါ်က တားဆီးစစ်ဆေးခြင်းအပြင် ပြည်တွင်းသိုလှောင်ရုံများနှင့် ဈေးကွက်များအထိ ဝင်ရောက်စစ်ဆေးအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်ရမည်ဖြစ်၊ ပြည်တွင်းက သယံဇာတပစ္စည်းများ တရားမဝင်ထုတ်လုပ်နေမှုကိုလည်း ထိထိရောက်ရောက် တားဆီးစစ်ဆေးအရေးယူကြရန်လို . . .**

⏭ **စာမျက်နှာ ၁၂ မှအဆက်**

တရားဝင်ကုန်သွယ်မှု မြှင့်တင်ရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန်အတွက် အထူးဒေသများအဖြစ် လွတ်လပ်စွာ ကုန်သွယ်မှုပြုထားသော်လည်း ပြန်လည်သုံးသပ်မှုများအရ တရားမဝင် ကုန်သွယ်မှုအတွက် အထူးစိုးရိမ်စရာနေရာများဖြစ်သည်ဟုဖော်ပြထားကြောင်း၊ မိမိတို့၏ သီလဝါအထူးစီးပွားရေးဇုန်တွင်လည်း တရားမဝင်ကုန်ပစ္စည်း တင်သွင်းခွင့်ရရှိမှုအပေါ် ကျော်လွန်၍ တရားမဝင် ကုန်သွယ်မှုပြုလုပ်ခြင်း အပါအဝင် နိုင်ငံအတွင်းထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိမှုအပေါ် အချို့သော FDI များက ကုန်ထုတ်လုပ်မှုအား ဟန်ပြသာဆောင်ရွက်၍ ပြည်ပမှပင် ကုန်ချောပစ္စည်းများကို ဈေးပေါပေါဖြင့် တင်သွင်းဆောင်ရွက်နေခြင်းများကိုလည်း သတိပြုတိုက်ဖျက်ရမည်ဖြစ်ကြောင်း၊ ကျန်ဆောင်ရွက်ဆဲ အထူးစီးပွားရေးဇုန်များမှတစ်ဆင့် ပြည်တွင်းစက်မှုဇုန်များ၌လည်း အထက်ပါကိစ္စရပ်များ မဖြစ်ပေါ်စေရေး ဂရုပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံများအနေဖြင့် မည်သည့်နိုင်ငံကမှ တရားမဝင်ကုန်သွယ်မှုများကို အမြစ်ပြတ်အောင် မလုပ်ဆောင်နိုင်သေးကြောင်းကိုတွေ့ရှိရပြီး မူးယစ်ဆေးဝါး၊ လက်နက်ခဲယမ်း ရောင်းဝယ်မှုများနှင့် ငွေကြေးခဝါချမှုများကို သီးခြားနည်းလမ်းရွေးချယ်ပြီး တားဆီးကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ပြေးညီဆောင်ရွက်ပါက စည်းကမ်းလိုက်နာသူများပါ နှောင့်နှေးနစ်နာပြီး အခြားနိုင်ငံများနှင့် ဈေးကွက်ရအောင်ယှဉ်ပြိုင်ရာတွင် ခက်ခဲမှုများရှိလာနိုင်သည်ကိုလည်း ဂရုပြုကြရန်လိုကြောင်း။

နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန်လိုကြောင်း၊ထိုသို့ဖွံ့ဖြိုးတိုးတက်စေရန် အဓိက စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးစီးပွားရေးလုပ်ငန်းများ၏အခြေခံလိုအပ်ချက်များကိုဖြည့်ဆည်းပံ့ပိုးပေးရန် နိုင်ငံတော်မှ တာဝန်ပေးအပ်ထားသည့် ဝန်ကြီးဌာနအသီးသီးကလည်း ပေးအပ်ထားသည့် ရည်မှန်းချက်တာဝန်များကို အပြည့်အဝအောင်မြင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့၊ သွင်းအားစု အပါအဝင် တိရစ္ဆာန်အစာ၊ ကာကွယ်ဆေးကဲ့သို့ လိုအပ်ချက်များကိုလည်း စိုက်ပျိုးမွေးမြူသူတောင်သူများ လက်ဝယ်သို့ ရာသီကာလအလိုက် တောင်သူများ လက်ဝယ်သို့ အချိန်မီရောက်ရှိနိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း ဦးစားပေးမှုကို အခွင့်ကောင်းယူပြီး မလိုလားအပ်သည့်ကုန်ပစ္စည်းများကို ရောနှောသယ်ဆောင်မှုမရှိစေရေးနှင့် အကြိမ်ကြိမ်တင်သွင်းခွင့်များမရှိစေရေးကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် စနစ်တကျတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

ထို့ပြင် တရားမဝင်ကုန်စည်များ နယ်စပ်ဖြတ်ကျော်တင်သွင်းလာခြင်းကြောင့် ပြည်ပနိုင်ငံများကတစ်ဆင့် ကူးစက်ရောဂါပိုးများပါဝင်လာပါက ပြည်တွင်းစိုက်ပျိုးမွေးမြူထုတ်လုပ်သည့် လုပ်ငန်းများတွင် ရောဂါကူးစက်ကာ ထိခိုက်ဆုံးရှုံးမှုများ ပေါ်ပေါက်စေမည်ဖြစ်ပြီး တရားမဝင်ဆေးဘက်ဆိုင်ရာပစ္စည်းများနှင့် အလှကုန်များကြောင့်လည်း ကျန်းမာရေးဆိုင်ရာဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်စေပြီး အရည်အသွေးပြည့်မီခြင်းမရှိသည့် အိမ်သုံးလျှပ်စစ်ပစ္စည်းအတုများကြောင့် မီးဘေးအန္တရာယ် ကြုံတွေ့ရနိုင်သည်ကိုလည်း သတိပြုရန်လိုအပ်မည်ဖြစ်ကြောင်း။

ကုန်စည်တင်သွင်းမှုများတွင် အခွန်ပေးဆောင်ခြင်းမရှိဘဲ စံချိန်စံညွှန်းနှင့် အရည်အသွေးမပြည့်သည့် တရားမဝင် ကုန်စည်များတင်သွင်းခြင်းကြောင့် နိုင်ငံခြားသုံးငွေမှောင်ခိုဈေးကွက် အားကောင်းလာစေပြီး တစ်ဖက်တွင်လည်း တရားမဝင် သယ်ယူရောင်းချရသည့်အတွက် တစ်ဖက်ကုန်သွယ်ဖက်နိုင်ငံများက ကုန်သည်များ၏ လိုသလိုဈေးကစားခွင့်ဖြစ်ပေါ်စေကြောင်း၊ **တရားမဝင်ဆောင်ရွက်သည့် လုပ်ငန်းများ အားကောင်းလာခြင်းကြောင့်လည်း ပြည်တွင်းဈေးကွက်တွင်ကုန်ဈေးနှုန်းတည်ငြိမ်မှုကိုထိခိုက်**စေကြောင်း။

တရားမဝင်တင်သွင်းခြင်းများကြောင့် အကျိုးဆက်အနေဖြင့် တရားဝင်လုပ်ငန်းများ ပြည်တွင်းတွင် ဈေးနှုန်းမယှဉ်နိုင်ဘဲ ဈေးကွက်ဝေစုပေးလိုက်ရခြင်းကြောင့် ရေရှည်တွင် လုပ်ငန်းရပ်တည်နိုင်ရန် ခက်ခဲလာစေပြီး တရားဝင်ရပ်တည်လုပ်ကိုင်သည့်လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးအင်အား လျော့နည်းကျဆင်းလာကာ ရေရှည်အတွက် လုပ်ငန်းတိုးချဲ့လိုစိတ်မရှိတော့ဘဲ လုပ်ချင်ကိုင်ချင်စိတ်များ ကျဆင်းလာနိုင်ကြောင်း၊ နောက်ဆုံးတွင် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရပ်ဆိုင်းသွားနိုင်ကြောင်း၊ နိုင်ငံအတွင်း လုပ်ငန်းများ ရှင်သန်ကြီးထွားနိုင်ခြင်းမရှိပါက နိုင်ငံ၏စီးပွားရေး ဦးတည်ချက်များကိုပါ ထိခိုက်လာစေမည်ဖြစ်ကြောင်း၊ စီမံကိန်းများ အောင်မြင်မှုမရှိဘဲ စိုက်ပျိုးစွမ်းအား၊ ကုန်ထုတ်စွမ်းအား၊ ကုန်သွယ်မှုနှင့် ကူးသန်းရောင်းဝယ်မှုစွမ်းအားများကို ထိခိုက်စေကြောင်း။

တရားမဝင်ကုန်သွယ်မှုများ ဖြစ်ပေါ်ရခြင်းနှင့်ပတ်သက်၍ အကြောင်းရင်းများစွာရှိသည့်အနက် အဓိကစိန်ခေါ်မှုပြဿနာမှာ နိုင်ငံ၏နယ်စပ်ဒေသအချို့နေရာများတွင် လုံခြုံရေးအရ စောင့်ကြည့်ထိန်းသိမ်းရန် ကန့်သတ်ချက်များရှိနေခြင်း၊ အချို့ဥပဒေရေးရာများတွင် အားနည်းမှုရှိခြင်း၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရသည့် ဝန်ထမ်းအင်အား မလုံလောက်ခြင်းနှင့် အကျင့်ပျက်မှုများ ရှိနေခြင်းကလည်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရာတွင် စိန်ခေါ်မှုများအဖြစ် တွေ့ရှိရကြောင်း၊ အဆိုပါအချက်များကိုလည်း အတတ်နိုင်ဆုံးကာကွယ်တားဆီးရန်လိုအပ်ကြောင်း။

ထို့ပြင် နိုင်ငံတော်၏လိုအပ်ချက်အရ နိုင်ငံခြားငွေသုံးစွဲမှုကိုလျှော့ချပြီး သွင်းကုန်ပစ္စည်းတင်သွင်းမှုကို စိစစ်ကန့်သတ်မှုအပေါ်တွင် အခွင့်ကောင်းယူပြီး ပြည်တွင်းလိုအပ်ချက်ရှိသည့် ကုန်စည်များကို တရားမဝင်တင်သွင်းမှုများပြုလုပ်နေသည်ကို ယခုကာလအတွင်း အများဆုံးတွေ့ရှိရကြောင်း၊ ၎င်းကို ထိထိရောက်ရောက် တားဆီးစစ်ဆေးဖမ်းဆီးနိုင်ရန်လိုပြီး မဆောင်ရွက်နိုင်ပါက နိုင်ငံအတွက်အခွန်ဝင်ငွေမရရှိဘဲ တရားမဝင်ကုန်သွယ်မှုများ ကြီးထွားလာနိုင်သကဲ့သို့ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အစည်းအသီးသီးကိုလည်း သက်ဆိုးရှည်စေမည်ဖြစ်ကြောင်း၊ထို့ကြောင့် **တရားမဝင်ကုန်သွယ်မှုကို ထိထိရောက်ရောက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုက်ဖျက်တားဆီးရန်လို**ကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်အလိုက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များအနေဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စစ်ဆေးရေးဂိတ်များတွင် မလိုလားအပ်သည့်ကုန်ကျစရိတ်များ၊ အချိန်ကြန့်ကြာမှုများမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် တရားမဝင်ရောင်ကွင်းလမ်းများတွင် ရှောင်တခင်စစ်ဆေးခြင်း၊ မဖြစ်မနေဖြတ်သန်းသွားလာမည့်နေရာများတွင် စနစ်တကျစစ်ဆေးခြင်းများအပြင် နိုင်ငံ၏ သယံဇာတပစ္စည်းများတရားမဝင်ထုတ်လုပ်မှု မရှိစေရေးနှင့် တရားမဝင်ကုန်သွယ်မှုများကိုထိထိရောက်ရောက်ပိုမိုတားဆီးစစ်ဆေးပြီး ဥပဒေနှင့်အညီအရေးယူဆောင်ရွက်ကြရန်လိုကြောင်း။

တရားမဝင်ကုန်သွယ်မှုများကို နယ်စပ်ဒေသနှင့် ကုန်သွယ်မှုလမ်းကြောင်းပေါ်က တားဆီးစစ်ဆေးခြင်းအပြင် ပြည်တွင်းသိုလှောင်ရုံများနှင့် ဈေးကွက်များအထိ ဝင်ရောက်စစ်ဆေး အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းက သယံဇာတပစ္စည်းများ တရားမဝင်ထုတ်လုပ်နေမှုကိုလည်း ထိထိရောက်ရောက် တားဆီးစစ်ဆေးအရေးယူကြရန်လိုကြောင်း။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင်ထမ်းဆောင်ကြသည့် တာဝန်ကျဝန်ထမ်းများအနေဖြင့် နိုင်ငံအတွက် ရိုးသားစွာတာဝန်ထမ်းဆောင်ကြရန်လည်း လိုအပ်ကြောင်း၊ တာဝန်ကျဝန်ထမ်းများကို ဦးဆောင်ရသည့် တာဝန်ခံအရာရှိများအနေဖြင့် စံနမူနာပြဦးဆောင်ပြီး ကိုယ်တိုင်ရိုးသားရန်လိုအပ်သကဲ့သို့ လက်အောက်တာဝန်ကျဝန်ထမ်းများ၏ အခြေအနေကို အမြဲမပြတ်စောင့်ကြည့်သုံးသပ် ကြပ်မတ်ဆောင်ရွက်နေရန်လည်း လိုအပ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာ တားဆီးရာတွင် သတင်းရရှိမှုသည် အရေးကြီးကြောင်း၊ ဖမ်းဆီးရရှိမှုများအနက် တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သတင်းရရှိမှု (၉၇)ကြိမ်ရရှိခဲ့ပြီး သတင်းမှား (၃)ကြိမ်၊ နောက်ကျသတင်း (၃)ကြိမ်၊ သတင်းမှန် (၉၁)ကြိမ်ဖြစ်ကြောင်း၊ သတင်းမှန်ပေးပို့မှုအကြိမ်အရေအတွက် ပိုမိုများပြားလာခြင်းက မိမိတို့၏လုပ်ငန်းတာဝန်များ ပိုမိုအောင်မြင်ရေးတွင် များစွာအထောက်အကူပြုလျက်ရှိကြောင်း၊ မိမိတို့ဦးဆောင်ကော်မတီမှလည်း သတင်းမှန်ပေးပို့သူများကိုအသိအမှတ်ပြုပါကြောင်းနှင့် သတင်းပေးသူအတွက် ရပိုင်ခွင့်ကိုလည်း သတ်မှတ်နှုန်းထားများအတိုင်း ဆုကြေးငွေချီးမြှင့်ပေးနိုင်ရေး မိမိတို့ဦးဆောင်ကော်မတီမှ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သတင်းရရှိမှုများကြောင့် ဖမ်းဆီးရမိမှု အမှုတွဲ(၁၁၇)မှုနှင့် ဖမ်းဆီးရမိမှုတန်ဖိုးကျပ်(၂၁၄၀ ဒသမ ၉၅၁)သန်း ဖမ်းဆီးရမိခဲ့ကြောင်း၊ **စာမျက်နှာ ၁၄ သို့** ⏭

⭑ စာမျက်နှာ ၁၅ မှအဆက်

ထက်ဝက်ခန့်မှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများမြှင့်တင်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ Non Trade နှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရငွေများရှိကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ နည်းပါးလျက်ရှိခြင်းကြောင့် ပြည်တွင်း၌ ကုန်ထုတ်လုပ်မှုများမြှင့်တင်နိုင်ရေး လုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံပြီး ဆောင်ရွက်ကြစေလိုကြောင်း။

**❖ ပြည်တွင်းကုန်ပစ္စည်း ထုတ်လုပ်မှုကောင်းမွန်မှသာ ပို့ကုန်များရရှိမည်ဖြစ်သဖြင့် မိမိတို့နိုင်ငံ၏အဓိကကုန်ထုတ်လုပ်ငန်းဖြစ်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ကြရန်လို၊ လက်ရှိအချိန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနည်းပါးလျက်ရှိခြင်းကြောင့် ပြည်တွင်း၌ကုန်ထုတ်လုပ်မှုများမြှင့်တင်နိုင်ရေး လုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြစေလို၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံပြီး ဆောင်ရွက်ကြစေလို . . .**

ရေဘေးသင့်မှုကြောင့် ယာယီပိတ်ထားရသည့်စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်မှဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အခြားလိုအပ်သည့် ပရိဘောဂပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများကိုလည်း အလှူရှင်များအနေဖြင့် လှူဒါန်းပေးနိုင်ကြောင်း၊ ရေဘေးသင့်ပြည်သူများအတွက်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအပြင် ၎င်းတို့ကြုံတွေ့ခံစားခဲ့ရသည့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများကိုလည်း ပြန်လည်ကုစားပေးနိုင်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် အတတ်နိုင်ဆုံး ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေး တွက်ချက်ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ ရေဘေးသင့်ဒေသများအတွက် လှူဒါန်းမှုများသည် တန်ဖိုးမဖြတ်နိုင်သည့် လှူဒါန်းမှုများပင်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက်လည်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးလုပ်ဆောင်ခြင်းမဟုတ်ဘဲ နိုင်ငံ့အရေးအတွက် တိုင်းပြည်ကောင်းအောင်ဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း၊ ယခုကဲ့သို့ ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံ့အရေးအတွက် အားတက်သရော လာရောက်လှူဒါန်းပေးမှုများအတွက်လည်း စေတနာရှင်အလှူရှင်များကို နိုင်ငံတော်အနေဖြင့် အထူးပင်အသိအမှတ်ပြု ကျေးဇူးတင်ရှိကြောင်းကို ထပ်လောင်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတနာရှင်၊ အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမ၌ကျင်းပပြုလုပ်သည့် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် ပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် အလှူငွေ စုစုပေါင်း(ငွေကျပ် ၁၁ ဒသမ ၉၇ ဘီလီယံ)ကျော်ကို လက်ခံရရှိခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

---

⏭ စာမျက်နှာ ၁၃ မှအဆက်

ဖမ်းဆီးရမိပစ္စည်းများအနေဖြင့် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်များနှင့် တရားမဝင်မော်တော်ယာဉ်များ ပါဝင်ကြောင်း။

တရားမဝင်ကုန်သွယ်မှု လုပ်ဆောင်နေကြသူများသည် နည်းလမ်းမျိုးစုံအသုံးပြုပြီး ဆောင်ရွက်နေကြသကဲ့သို့ မိမိတို့တားဆီးသူများအနေဖြင့်လည်း လုပ်ထုံးလုပ်နည်းများအရဖြစ်စေ၊ စစ်ဆေးမှုအခြေအနေများအရဖြစ်စေ၊ ပျော့ကွက် ဟာကွက်မရှိအောင် စီမံတားဆီးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုကာလအတွင်း သတင်းပေးပို့မှု (၅)ကြိမ်ရှိပြီး ဖမ်းဆီးရရှိမှုမှ သတင်းပေးသူအား ဆုကြေး (၂)ဘီလီယံကျပ်ခန့် သတ်မှတ်ရာခိုင်နှုန်းအရ ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်ခဲ့ပါကြောင်း။

ဖမ်းဆီးရမိမှုများကို ကြည့်မည်ဆိုပါက ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လတို့၏ ဖမ်းဆီးရမိမှုများကို နှိုင်းယှဉ်ကြည့်ပါက ဩဂုတ်လအတွင်း ဖမ်းဆီးရရှိမှု ပိုမိုတိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို ပိုပြီးထိထိရောက်ရောက်ဆောင်ရွက်လာနိုင်ခြင်းသည် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှု၊ အကောက်ခွန်ဦးစီးဌာနနှင့် OSS ဌာနဆိုင်ရာများ၏ အားစိုက်ကြိုးပမ်းမှုဖြစ်သကဲ့သို့ သက်ဆိုင်ရာဌာနများ အဖွဲ့အစည်းများကြား အားကောင်းသည့် ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဖြစ်ကြောင်း၊ အထူးအဖွဲ့များ၊ ဌာနဆိုင်ရာများအနေဖြင့် ဦးဆောင်ကော်မတီ၏ ညွှန်ကြားချက်များကို အချိန်နှင့်တစ်ပြေးညီ မြန်မြန်ဆန်ဆန် လိုက်ပါဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိထိမိမိဖမ်းဆီးရမိရေး၊ အဂတိတရားကင်းရှင်းရေး၊ တရားဝင်ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးတို့အပြင် ပင်မရည်မှန်းချက်ဖြစ်သည့် တရားမဝင်ကုန်သွယ်မှုလျော့ကျရေး၊ တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်ရောက်ရှိရေးနှင့် တရားမဝင်ကုန်သွယ်မှု၏ ဆိုးကျိုးများကို အများပြည်သူသိရှိစေရန်အတွက် အသိပညာပေးရေး လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်လုပ်ဆောင်သွားရန်လိုအပ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် တိုင်းဒေသကြီး/ပြည်နယ် အထူးအဖွဲ့များ၊ သက်ဆိုင်ရာဌာနများကြား ပိုမိုအားကောင်းသည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ကြရန်၊ ပြည်တွင်းသယံဇာတများ တရားမဝင်ထုတ်လုပ်နေမှုကို ထိထိရောက်ရောက် တားဆီးအရေးယူရန်၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် တာဝန်ကျဝန်ထမ်းများအနေဖြင့် လာဘ်ပေးလာဘ်ယူမှုကင်းရှင်းရန်၊ တာဝန်ထမ်းဆောင်ရာတွင် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် တာဝန်ထမ်းဆောင်ကြရန်နှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးကြပ်မတ် ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီအတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ဦးဆောင်ကော်မတီအစည်းအဝေး (၃/၂၀၂၄) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူ၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၄/၂၀၂၄)သို့ တင်ပြလာသည့်အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရိန်၊ ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက တရားမဝင်ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ မူးယစ်ဆေးဝါး၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ တရားမဝင်သစ်များ၊ ယာဉ်များ၊ စက်သုံးဆီများ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းဖမ်းဆီးရမိမှုများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များ၊ ပို့ကုန်၊ သွင်းကုန်နှိုင်းယှဉ်ချက်များနှင့် ကုန်သွယ်ရေးစခန်းများ၌ ကုန်စည်စီးဆင်းနေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၁၀၀)

---

# မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မိတ္ထီလာ)တို့ကို ဒုတိယဝန်ကြီးဒေါက်တာအောင်ဇေယျ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၉**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည်ယနေ့ နံနက်ပိုင်းတွင် မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လေကြောင်းနှင့်အာကာသပညာပြခန်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာ လူထုအခြေပြုပရဟိတရန်ပုံငွေ "ယဉ်ကျေးဖလှယ်စုပေါင်းညီညာ၊ ဤကမ္ဘာ" အစီအစဉ်ဖြင့် လှူဒါန်းထားသည့် ကမ္ဘာ့ပထမဆုံးအာကာသယာဉ်မှူးဖြစ်သည့် ယူရီဂါဂါရင် အထိမ်းအမှတ်ရုပ်တုနှင့် Vostoak 1 အာကာသယာဉ်ဆိုင်ရာ ပြသထားမှု၊ ကျောင်းသားများ၏ လေကြောင်းနှင့် အာကာသဆိုင်ရာ သုတေသနများနှင့် အခြားပြသထားမှုများ၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်း၊ ဘောလုံးကွင်းနှင့်တက္ကသိုလ်ဥပဓိရုပ်ကောင်းမွန်စေရေး ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင်ဒုတိယဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံ(မိတ္ထီလာ)သို့ ရောက်ရှိပြီး ပထမနှစ် လျှပ်စစ်စွမ်းအားအင်ဂျင်နီယာကျောင်းသား၊ ကျောင်းသူများ၏ Drawing ဘာသာရပ်နှင့် ပထမနှစ် မြို့ပြအင်ဂျင်နီယာကျောင်းသား၊ ကျောင်းသူများ၏ Building Material and Construction ဘာသာရပ်တို့ကို စိတ်ရှင်လန်းချမ်းမြေ့စွာ ဖြေဆိုနေမှုများကို ကြည့်ရှုအားပေးသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် စာကြည့်တိုက်နှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျောင်းအုပ်ကြီး၏ Master Plan ရှင်းလင်းတင်ပြမှုအပေါ် ဖုန်အလိုက်ပြင်ဆင်ဆောင်ရွက်ရန်များကို မှာကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် စာမေးပွဲဖြေဆိုမှုပြီးစီး၍ ပြန်လည်ထွက်ခွာလာကြသည့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဖြေဆိုနိုင်မှုအခြေအနေများကို မေးမြန်းခဲ့ကြောင်း သိရသည်။

(၅၀၀)

★ စာမျက်နှာ ၁၇ မှအဆက်
ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က အသီးသီးလက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

### သဘာဝဘေးဖြစ်ပေါ်ခဲ့မှုအခြေအနေများနှင့် လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကားပြန်လည်ပြောကြား

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အလှူငွေများ ပေးအပ်လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကားပြန်လည်ပြောကြားရာတွင် ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် စေတနာရှင်အလှူရှင်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော စေတနာရှင်အလှူရှင်တစ်ဦးက ပေးအပ်လှူဒါန်းသည့်အလှူငွေများကို လက်ခံရယူစဉ်။

## ❖ မိမိတို့ နိုင်ငံသားများအနေဖြင့် လူမှုရေးကိစ္စရပ်များတွင် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းလိုသည့် စိတ်ရင်းစေတနာများ၊ အခြေခံစိတ်ဓာတ်ကောင်းများကို ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာတွေ့မြင်ရခြင်းပင်ဖြစ် . . .

ယခုဖြစ်စဉ်တွင် ရေဘေးဒဏ်သင့်ခဲ့ရသည့်ပြည်သူများအနေဖြင့် ရုတ်တရက်ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ချိန်တွင် လက်လှမ်းမီသည့် ရရာပစ္စည်းများကိုသာယူ၍ ဘေးလွတ်ရာသို့ ရေဘေးရှောင်ခဲ့ရခြင်းဖြစ်သည့်အတွက် တစ်ဦးချင်းစီအလိုက်၊ မိသားစုချင်းစီအလိုက် ပျက်စီးဆုံးရှုံးမှု၌ ရေကျဆင်းမှုမရှိသေးကြောင်း၊ အလားတူ လောပိတနှင့် အထက်ပေါင်းလောင်းတို့တွင်လည်း ရေဝင်ရောက်မှုများပြားနေသောကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကိုလုပ်ဆောင်၍မရသေးကြောင်း၊ မိမိတို့အနေဖြင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အချိန်ယူ၍ဆောင်ရွက်



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် စေတနာရှင်အလှူရှင်တစ်ဦးက ပေးအပ်လှူဒါန်းသည့်အလှူငွေများကို လက်ခံရယူစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် စေတနာရှင်အလှူရှင်တစ်ဦးက ပေးအပ်လှူဒါန်းသည့်အလှူငွေများကို လက်ခံရယူစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စေတနာရှင်အလှူရှင်တစ်ဦးက ပေးအပ်လှူဒါန်းသည့်အလှူငွေများကို လက်ခံရယူစဉ်။

## ❖ ရေဘေးသင့်ခဲ့ရသည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အလှူရှင်များအနေဖြင့်လည်း ယခုကဲ့သို့ တစ်ဖက်တစ်လမ်းမှ ပါဝင်လှူဒါန်းပေးခြင်းကြောင့် လုပ်ငန်းများ ပိုမိုမြန်ဆန်စွာဖြင့် ပြီးမြောက်နိုင်မည်ဖြစ်၊ လက်ရှိအချိန်အထိ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ဘီလီယံ ၅၀ ကျော်ရှိပြီဖြစ် . . .

ပြည့်စုံကြပါစေရန် နှုတ်ခွန်းဆက်သအပ်ပါကြောင်းဖြင့်ဦးစွာပြောကြားပြီး ရာဂိမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသောရေဘေးကြောင့် ရေကြီးရေလျှံမှုသဘာဝဘေးဖြစ်ပေါ်ခဲ့မှုအခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရေး လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြောကြားရာတွင် ထိုကဲ့သို့သော သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့မှုကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပြန်လည်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရမှ အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသကဲ့သို့ စေတနာရှင်အလှူရှင်များအနေဖြင့် တတ်နိုင်သရွေ့ လှူဒါန်းခြင်းများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြကြောင်း၊ ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဖြင့် အမြန်ဆုံးဆောင်ရွက်နိုင်ရန်အတွက် အလှူငွေပေးအပ်ပွဲများ ဆောင်ရွက်ခဲ့ရာတွင် ပထမအကြိမ်၌ (ငွေကျပ် ၃၂ ဘီလီယံကျော်)ရရှိခဲ့ပြီး ဒုတိယအကြိမ်တွင် (ငွေကျပ် ၁၀ ဘီလီယံကျော်) ကိုရရှိခဲ့ကြောင်း၊ စေတနာရှင်အလှူရှင်များအနေဖြင့်လည်း အခက်အခဲများကြားမှ လှူဒါန်းခဲ့ကြခြင်းဖြစ်ပြီး ထင်မှတ်မထားလောက်သည့် များပြားသောအလှူငွေပမာဏများဖြစ်ကြောင်း၊ ယနေ့တွင်ပြုလုပ်သည့် တတိယအကြိမ် အလှူငွေပေးအပ်ပွဲသို့ စိတ်စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လာရောက်လှူဒါန်းပေးကြသည့်အတွက်လည်း စေတနာရှင်အလှူရှင်များအားလုံးကို နိုင်ငံတော်အနေဖြင့် ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခြေအနေများကြုံတွေ့ချိန်၌ လူတစ်ဦးချင်းနှင့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းအသီးသီးမှလည်း လှူဒါန်းမှုများရှိကြောင်း၊ အလားတူ ဒေသအသီးသီးတွင်လည်း လူမှုရေးအသင်းအဖွဲ့များနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီအလိုက် ၎င်းတို့အစီအစဉ်ဖြင့် လိုက်လံကူညီလှူဒါန်းပေးနေခြင်းများရှိပြီး ၎င်းတို့လှူဒါန်းသည့်ပစ္စည်းအင်အား၊ ငွေအင်အားများမှာလည်း များပြားကြသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ကူညီဆောင်ရွက်ပေးနေမှုများအပေါ်လည်း အသိအမှတ်ပြုကျေးဇူးတင်ရှိကြောင်း၊ ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ချိန်တွင်လည်း နိုင်ငံတော်အစိုးရနှင့်အတူ စေတနာရှင်အလှူရှင်များအနေဖြင့် ပါဝင်လှူဒါန်းခဲ့ကြကြောင်း၊ မိမိတို့ နိုင်ငံသားများအနေဖြင့် လူမှုရေးကိစ္စရပ်များတွင် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းလိုသည့် စိတ်ရင်းစေတနာများ၊ အခြေခံစိတ်ဓာတ်ကောင်းများကို ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ တွေ့မြင်ရခြင်းပင်ဖြစ်ကြောင်း။

ပမာဏများ များပြားကြောင်း၊ ယခင်နှစ်ပေါင်းများစွာကတည်းက ရေကြီးရေလျှံမှုတစ်ကြိမ်မျှဖြစ်ပေါ်ခဲ့ခြင်းမရှိသည့်ဒေသများ၌ မျှော်လင့်မထားသည့်ညအချိန်တွင် တောင်ကျရေများ ရုတ်တရက်အရှိန်အဟုန်အလုံးအရင်းဖြင့် စီးဆင်းလာခြင်းကြောင့် အချို့မှာ ရှောင်တိမ်းချိန်မရဘဲ အသက်ဆုံးရှုံးခဲ့ရမှုများလည်းရှိကြောင်း၊ မိမိတို့နိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအနက် ပျက်စီးမှုအများဆုံးပင်ဖြစ်ကြောင်း၊ လူနေအိမ်များနှင့် စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အဦများ၊ လမ်း၊ တံတားများ၊ လျှပ်စစ်တာဝါတိုင်များလည်း ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ အလားတူ မွေးမြူရေးတိရစ္ဆာန်များလည်း သေဆုံးခဲ့ရကြောင်း။

အခမ်းအနားသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော် စဉ်ဆက်ပညာရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ နေပြည်တော်ကောင်စီဝင်များ၊ ပညာရေးဝန်ကြီးဌာနမှညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ နေပြည်တော် အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ခရိုင်ပညာရေးမှူးများနှင့် မြို့နယ်ပညာရေးမှူးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ပရဟိတအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ၏ စဉ်ဆက်ပညာရေးလုပ်ငန်းတွင်သင်ကြားပေးကြမည့် မြို့နယ်ရှစ်မြို့နယ်မှ စေတနာလုပ်အားပေး နည်းပြများ၊ ကြီးကြပ်များ၊ စာသင်သားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုနယ်မြေနေပြည်တော် စဉ်ဆက်ပညာရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြို့နယ်ရှစ်မြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်းမှ စာသင်သားများကိုယ်စား စာသင်သားနှစ်ဦးကို စာသင်သားသုံးထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် မြို့နယ်ရှစ်မြို့နယ်တွင် စဉ်ဆက်ပညာရေး လုပ်ငန်းကို အမျိုးသားရေးအသွင် လုပ်ဆောင်နိုင်ရေး၊ ဒေသတွင်း အခြေခံစာတတ်မြောက်မှုနှုန်း တိုးတက်လာနိုင်ရေးနှင့် လူမှုဘဝမြင့်မားလာစေရန်ရည်ရွယ်ပြီး သင်ကြားရေးကာလ ရက်ပေါင်း ၉၀ ဖြစ်ပြီး မြို့နယ်ရှစ်မြို့နယ်၏ စာရင်းပေးသွင်းထားသည့် သင်ယူလိုသူ ၅၄၁ ဦးကို အခြေခံပညာ အထက်တန်းအဆင့်နှင့် အထက်ရှိသူ ဒေသန္တရစေတနာလုပ်အားပေးနည်းပြ ၉၄ ဦးနှင့် ကြီးကြပ် ၁၃ ဦးတို့က စာသင်ဝိုင်း ၄၇ ဝိုင်းဖြင့် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ လယ်ဝေးခရိုင်တွင် စာသင်သား ၁၅၆ ဦး၊ နည်းပြ ၂၈ ဦး၊ ကြီးကြပ်သုံးဦး၊ စာသင်ဝိုင်း ၁၄ ဝိုင်းဖြင့်လည်းကောင်း၊ ပျဉ်းမနားခရိုင်တွင် စာသင်သား ၆၉ ဦး၊ နည်းပြ ၁၀ ဦး၊ ကြီးကြပ်ငါးဦး၊ စာသင်ဝိုင်း ငါးဝိုင်းဖြင့်လည်းကောင်း၊ ဇေယျာသီရိခရိုင်တွင် စာသင်သား ၉၂ ဦး၊ နည်းပြ ၁၆ ဦး၊ ကြီးကြပ်နှစ်ဦး၊ စာသင်ဝိုင်း ရှစ်ဝိုင်းဖြင့်လည်းကောင်း၊ ဥတ္တရခရိုင်တွင် စာသင်သား ၂၂၄ ဦး၊ နည်းပြ ၄၀၊ ကြီးကြပ်သုံးဦး၊ စာသင်ဝိုင်း ၂၀ ဖြင့်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ (ကိုယ်စား) အဖွဲ့ဝင် ဦးဆန်းမြင့်က နိုင်ငံသားတိုင်းလိုက်နာရမည့် စည်းကမ်း၊ စောင့်ထိန်းရမည့်ကျင့်ဝတ်များကို လိုက်နာကြပြီး နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆)ချက်ကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်အပါး(၃၀)ကိုလိုက်နာကြပြီး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသ၍ တိုင်းပြည်တိုးတက်ဖို့ အားဖြည့်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုးက ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့် ဒီပလိုမာဘွဲ့လက်မှတ်များ ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၄၂ ဦး၊ သင်တန်းသူ ၄၆ ဦး စုစုပေါင်း ၈၈ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

(မဝ)

# ဆိပ်ကမ်းလုပ်ငန်းများစွမ်းဆောင်ရည် မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၉**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ပြုလုပ်သည့် ဆိပ်ကမ်းလုပ်ငန်းများစွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းဝန်ထမ်းမိသားစုအိမ်ရာရှိ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ဆက်စပ်ဌာနများ၊ ဆိပ်ကမ်းတံတားများ၊ သင်္ဘောလိုင်းများ၊ ပို့ကုန်လုပ်ငန်းရှင်အသင်းအဖွဲ့များနှင့် ဝန်ဆောင်မှုလုပ်ငန်းရှင်အသင်းအဖွဲ့များ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက လာမည့်ပွင့်လင်းရာသီတွင် မြန်မာ့လယ်ယာထွက်ပို့ကုန်များကို ရန်ကုန်ဆိပ်ကမ်းမှဘေးကင်းလုံခြုံစွာ တင်ပို့နိုင်ရေးအတွက် ရန်ကုန်ရှိ ဆိပ်ကမ်းတံတားများနှင့် လုပ်ငန်းအပိုင်းအလိုက် စွမ်းဆောင်ရည်နှင့် ကိုင်တွယ်စွမ်းအားပိုမိုကောင်းမွန်စေရေး နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးဖော်ထုတ်တင်ပြပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ထွန်းလွင်က အလုပ်ရုံဆွေးနွေးပွဲကျင်းပရသည့် ရည်ရွယ်ချက်နှင့်ဆွေးနွေးမည့်ပုံစံ၊ အစီအစဉ်များကိုရှင်းလင်းတင်ပြပြီး ဆိပ်ကမ်းတံတားများ၊ လုပ်ငန်းဌာနများ၊ သင်္ဘောလိုင်းများနှင့် လုပ်ငန်းရှင် / ဝန်ဆောင်မှုအသင်းများမှ တာဝန်ရှိသူများက ဆိပ်ကမ်းလုပ်ငန်းလည်ပတ်မှုဆိုင်ရာများကို လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲတွင် အဖွဲ့ငါးဖွဲ့မှ အဖွဲ့လိုက် ဆွေးနွေးဖော်ထုတ်ချက်များကို ရှင်းလင်းတင်ပြခြင်းနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးက ဆိပ်ကမ်းလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကို အနှစ်ချုပ်သုံးသပ်တင်ပြခြင်းတို့ဆောင်ရွက်ကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(၅၀၀)**

# နယ်စပ်ရေးရာဝန်ကြီးဌာနက နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ ရေဘေးသင့်ပြည်သူများအား စားနပ်ရိက္ခာနှင့် မီးဖိုချောင်သုံးပစ္စည်းများ ပေးအပ်လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၉**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ရေနစ်မြုပ်ပျက်စီးခဲ့သော ဒေသများဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် သနပ်ပင်ဆိပ်(အရှေ့)ကျေးရွာရှိ ရေဘေးသင့် အိမ်ထောင်စုများ၊ တပ်ကုန်းမြို့နယ် ရောက်ကုန်းရွာ၊ ကျို့ပင်ကုန်းရွာ၊ ကံကြီးကျေးရွာတို့ရှိ ရေဘေးသင့် အိမ်ထောင်စုများအတွက် ဆန်တစ်တင်းခွဲအိတ် ၄၂ အိတ်၊ ဆီပိဿာ ၂၀၀၊ မီးဖိုချောင်သုံးပစ္စည်းများဖြစ်သည့် ဒန်အိုးအစုံ ၃၀ ကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် မနှင်းဆီကျောင်း ရေဘေးကယ်ဆယ်ရေးစခန်း၊ တပ်ကုန်းမြို့နယ် ဘုရင့်နောင်ဘိုးဘွားရိပ်သာ ရေဘေးကယ်ဆယ်ရေးစခန်းနှင့် မဟာဇနကကျောင်းရေဘေးကယ်ဆယ်ရေးစခန်းတို့ရှိရေဘေးသင့်ပြည်သူများအတွက် ဆန်တစ်တင်းခွဲအိတ် ၃၅ အိတ်၊ ဆီ ၄၇ ပိဿာ၊ ဆား ၁၅ ပိဿာ၊ စည်သွတ်ဘူး ၂၁၀၀၊ အဝတ်အထည် ၁၂၈ ထည်နှင့် ခြုံစောင် ၁၅၀ တို့ကိုလည်းကောင်း ဝန်ကြီးဌာနမှတာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများက ယမန်နေ့နံနက်ပိုင်းက လက်ဝယ်အရောက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU)၏ တတိယအကြိမ်မြောက်အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU)၏ တတိယအကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ CPU အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့်အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးကြသည်။




အစည်းအဝေးတွင် CPU အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် တောင်သူလယ်သမားများ၏အကျိုးစီးပွားကို အဓိကဖော်ဆောင်ပြီး နိုင်ငံတော်၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍကို အဓိကတာဝန်ယူဆောင်ရွက်နေခြင်းဖြစ်၍ အဂတိလိုက်စားမှုလုံးဝကင်းရှင်းရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဝန်ကြီးဌာနနှင့်ဦးစီးဌာန၊ တက္ကသိုလ်များ၏အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များသို့ အဂတိလိုက်စားမှုများနှင့်ပတ်သက်၍ လွယ်ကူစွာသတင်းပို့တိုင်ကြားနိုင်ရန်အတွက် အကြံပြုစာ၊ တိုင်ကြားစာစာတိုက်ပုံး ၇၁ ခု ထားရှိပေးထားသည့်အပြင် Online မှလည်း လွယ်ကူစွာတိုင်ကြားနိုင်ရေးအတွက် တိုင်ကြားနိုင်သည့် E-mail လိပ်စာ ၉၈ ခု ထုတ်ပြန်ထားရှိပြီး ဦးစီးဌာန တက္ကသိုလ်ခြောက်ခုတို့၏ Websites များမှတစ်ဆင့် တိုင်ကြားနိုင်ရန်လည်း စီစဉ်ထားရှိပြီးဖြစ်ကြောင်း၊ ဌာနများအတွင်း အဂတိလိုက်စားမှု မဖြစ်ပေါ်စေရန် ၂၀၂၄ ခုနှစ် စက်တင်ဘာလအထိ စီမံခန့်ခွဲမှုအရ ဆောင်ရွက်ပေးမှု ၃၇ ကြိမ်၊ အသိပညာပေးဟောပြောမှု ၄၅၂ ကြိမ်၊ လက်ကမ်းစာစောင်များဖြန့်ဝေမှု ၂၁၆၂ စောင်၊ သင်တန်းပို့ချမှုအကြိမ် ၂၀ နှင့် အလုပ်ရုံဆွေးနွေးပွဲကိုးကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။


ထို့ပြင် **“စပါးသီးနှံတစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများ”**ခေါင်းစဉ်ဖြင့် (၃၈)ကြိမ်မြောက်ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ပညာရှင်များက စပါးတစ်ဧကအထွက်နှုန်းတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေ၊ မျိုးကောင်းမျိုးသန့်သုံးစွဲခြင်း၏အရေးပါမှု၊ မျိုးကောင်းမျိုးသန့်များရရှိရေးအတွက် သုတေသနလုပ်ငန်းများဆောင်ရွက်နေမှု၊ စပါးအထွက်နှုန်းတိုးတက်ရေးအတွက် အရေးကြီးသည့်အခန်းကဏ္ဍတစ်ခုတွင် ပါဝင်နေသော စိုက်ပျိုးနည်းစနစ်များနှင့်ရာသီဥတုပြောင်းလဲမှုကြောင့် ကြုံတွေ့နေရသော အခက်အခဲအတားအဆီးများကို စီမံဖြေရှင်းနိုင်မည့် နည်းလမ်းများကို ဆွေးနွေးတင်ပြကြပြီး အခမ်းအနားတက်ရောက်လာကြသူများက ဖြည့်စွက်အကြံပြုဆွေးနွေးခဲ့ကြသည်။

စကားဝိုင်းဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**(၅၀၀)**

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| နေပြည်တော် (ပုဗ္ဗသီရိ) | (၄.၉၂)လက်မ |
| ရွှေဘို | (၃.၀၃)လက်မ |
| မြိတ် | (၂.၆၁)လက်မ |
| ဆော | (၂.၀၀)လက်မ |
| ကလေး | (၁.၇၇)လက်မ |
| ပြည် | (၁.၇၄)လက်မ |
| မြစ်ငယ် | (၁.၆၉)လက်မ |
| တံတားဦး (လေကြောင်းမိုးလေဝသ) | (၁.၆၅)လက်မ |
| ကျောက်ထု | (၁.၅၀)လက်မ |
| ဝက်ထီးကန် (လေးထပ်ပြင်) | (၁.၃၄)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၁ | ၃၂ |
| ရှမ်း(မြောက်) | ၂၂ | ၃၄ |
| ရှမ်း(အရှေ့) | ၂၀ | ၃၃ |
| ရှမ်း(တောင်) | ၂၄ | ၂၆ |
| ချင်း | ၁၂ | ၂၄ |
| စစ်ကိုင်း(အထက်) | ၂၃ | ၃၅ |
| စစ်ကိုင်း(အောက်) | ၂၆ | ၃၅ |
| နေပြည်တော် | ၂၄ | ၃၅ |
| မန္တလေး | ၂၄ | ၃၅ |
| မကွေး | ၂၄ | ၃၄ |
| ရခိုင် | ၂၄ | ၃၃ |
| ပဲခူး | ၂၄ | ၃၄ |
| ရန်ကုန် | ၂၄ | ၃၄ |
| ဧရာဝတီ | ၂၄ | ၃၄ |
| ကယား | ၂၃ | ၃၄ |
| ကရင် | ၂၃ | ၃၄ |
| မွန် | ၂၃ | ၃၄ |
| တနင်္သာရီ | ၂၂ | ၃၂ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## Union Civil Service Board
## လျှောက်လွှာခေါ်ယူခြင်း
### ကြော်ငြာစာအမှတ်၊ ၂ / ၂၀၂၄
### ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
### ( ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် )

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်နှင့်ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ (ရန်ကုန်ရုံးခွဲ)၊ အမှတ်(၆၅)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ (သို့မဟုတ်) တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ လျှောက်လွှာဝယ်ယူ၍ လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့လည်းကောင်း၊ Online စနစ်ဖြင့် e-Recruitment and Selection System (e-RSS) (UCSB e-RSS Mobile Application နှင့် UCSB e-RSS Web Based) တို့ကို အသုံးပြု၍လည်းကောင်း **၁၀-၁၁-၂၀၂၄ ရက်နေ့နောက်ဆုံးထား၍** လျှောက်ထားနိုင်ပါသည်-

( က ) **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

| ဌာန | ရာထူး | လစ်လပ် |
|---|---|---|
| လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေး ဦးစီးဌာန | ဆရာဝန် | ၁ နေရာ |

( ခ ) **စက်မှုဝန်ကြီးဌာန**

| ဌာန | ရာထူး | လစ်လပ် |
|---|---|---|
| မြန်မာ့ဆေးဝါးလုပ်ငန်း | အလုပ်ရုံခွဲမှူး | ၂ နေရာ |

( ဂ ) **ကျန်းမာရေးဝန်ကြီးဌာန**

| စဉ် | ဌာန | ရာထူး | လစ်လပ် |
|---|---|---|---|
| (၁) | ကုသရေးဦးစီးဌာန | ဆရာဝန်(သစ်လွင်) | ၂၅၀နေရာ |
| | | ဆရာဝန်(သွားနှင့်ခံတွင်း) | ၅၀နေရာ |
| (၂) | ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန | ဆရာဝန်(သွားနှင့်ခံတွင်း) (သရုပ်ပြ) | ၂၅ နေရာ |
| (၃) | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန | ဦးစီးအရာရှိ(အစားအသောက်) | ၆ နေရာ |
| | | ဦးစီးအရာရှိ(ဆေးဝါး) | ၅ နေရာ |
| | | ဦးစီးအရာရှိ(ဓာတ်ခွဲ) | ၄ နေရာ |

( ဃ ) **အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန**

| ဌာန | ရာထူး | လစ်လပ် |
|---|---|---|
| အားကစားနှင့်ကာယပညာဦးစီးဌာန | တာဝန်ခံဆရာဝန် | ၁၁ နေရာ |

( င ) **နေပြည်တော်စည်ပင်သာယာရေးကော်မတီ** ဆရာဝန် ၂၁ နေရာ

၂။ အထက်စာပိုဒ်(၁)ပါ ဝန်ကြီးဌာန(၅)ခုအနက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၂၁၀၊ နည်းဥပဒေခွဲ(ဇ)အရ နေပြည်တော်စည်ပင်သာယာရေးကော်မတီအတွက် ရာထူးမှထုတ်ပယ်ခံရသူများလျှောက်ထားလာပါက လက်ခံရယူလိုခြင်းရှိပါကြောင်းနှင့် ကျန်ဝန်ကြီးဌာနများအတွက် ရာထူးမှထုတ်ပယ်ခံရသူများ လျှောက်ထားလာပါက လက်ခံရယူလိုခြင်းမရှိပါကြောင်းဖော်ပြထားရှိပါသည်။နေပြည်တော်စည်ပင်သာယာရေးကော်မတီမှအပ ကျန်ဌာန(၄)ခုအတွက် ရာထူးမှထုတ်ပယ်ခံရသူများ လျှောက်ထားလာပါက ရွေးချယ်မည်မဟုတ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၃။ လျှောက်ထားသူများအနေဖြင့် ကြော်ငြာခေါ်ယူသောရာထူးအလိုက် သတ်မှတ်ပညာအရည်အချင်းများနှင့် အသေးစိတ်အချက်အလက်များကို အချိန်မီသိရှိလိုပါက **ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website ဖြစ်သည့် www.ucsb.gov.mm နှင့် Myanmar National Web Portal**-www.myanmar.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါကြောင်းနှင့် ထုတ်ပြန်ချက်တွင် မရှင်းလင်းသည်များ မေးမြန်းလိုပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ရွေးချယ်ရေးဌာနစိတ်၏ တယ်လီဖုန်းအမှတ်၊ (၀၆၇- ၃၄၀၉၀၅၂/ ၀၆၇-၃၄၀၉၄၃၀/ ၀၉-၅၂၄၄၀၈၉၅၄/၀၉-၅၂၀၇၀၆၆၀၅/ ၀၉-၇၉၇၇၂၇၆၉၆/၀၉-၄၄၁၉၃၇၃၄၃ နှင့် ၀၉-၂၆၂၅၀၂၉၈၈)တို့ကို ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အသုံးပြုရန်အတွက် Bank Note Processing Machine BPS M-7 (၄)လုံး၏ (Consumables) ဆက်စပ်ပစ္စည်းများဖြစ်သော (Foil, Band Strap, Shrink Film) တို့အား မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ဆို၍ ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၁၀-၁၀-၂၀၂၄ ရက်နေ့မှ ၂၅-၁၀-၂၀၂၄ ရက်နေ့အထိ (ရုံးချိန်အတွင်း) |
| တင်ဒါပုံစံရောင်းချမည့်နေရာ | - | ဂိတ်အမှတ်(၂)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်)၊ ရုံးအမှတ်(၅၅) |
| တင်ဒါနောက်ဆုံးတင်သွင်းရမည့်နေ့ရက် | - | ၂၉-၁၀-၂၀၂၄ ရက်နေ့၊ မွန်းလွဲ(၁:၃၀)နာရီ |
| တင်ဒါဖွင့်လှစ်မည့်နေ့ရက် | - | ၂၉-၁၀-၂၀၂၄ ရက်နေ့၊ မွန်းလွဲ(၂:၀၀)နာရီ |
| တင်ဒါဖွင့်လှစ်မည့်နေရာ | - | မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်)၊ ရုံးအမှတ်(၅၅) |

၂။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၈၂၉၃(အင်ဂျင်နီယာဌာနစိတ်၊ စက်မှု)သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**ပျောက်ဆုံးကြောင်း**
နွယ်နီနိုင်(ဘ)ဦးကျော်နိုင် ၁၂/ဒလန(နိုင်)၀၅၄၈၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 778127)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၉၅၉၆၇၀၀

**ပျောက်ဆုံးကြောင်း**
မောင်မင်းဇော်(ဘ)ဦးကံကြီးမောင် ၁၄/မအပ(နိုင်)၁၁၄၆၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 666789)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၆၄၁၀၄၁၆

**ပျောက်ဆုံးကြောင်း**
ခေါန်အိုင်(ဘ)ဦးတူးဂျာ ၁၂/ဒဂတ(နိုင်)၁၁၁၃၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 324399)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၈၂၂၈၉၇၁

**ပျောက်ဆုံးကြောင်း**
ချစ်ထူးအောင်(ဘ)ဦးမောင်မြင့် ၅/ယမပ(နိုင်)၁၀၉၅၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
မြင့်မြတ်သူ(ဘ)ဦးစိုးသူ ၁၄/ကကန(နိုင်)၁၉၁၃၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 778547)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၆၇၇၀၈၂၃

**ပျောက်ဆုံးကြောင်း**
ဝင်းသန္တာ(ဘ)ဦးသူရဝင်း ၃/မဝတ(နိုင်)၀၄၃၇၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 172463)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၅၆၈၀၄၁၉

**ပျောက်ဆုံးကြောင်း**
ရင်မ်ရွှတ်ဒီကီး(ဘ)ဦးကပ်ထန်းငါ ၅/ကလထ(နိုင်)၂၂၆၆၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၄၄၈၄၂၇၇

**ပျောက်ဆုံးကြောင်း**
နန်းတင်တင်လှ(ဘ)ဦးကျော်အေး ၃/ဘအန(နိုင်)၁၃၇၇၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 442730)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ဖူးပွင့်ဝေ(ဘ)မောင်ရွှေ ၈/ပခက(နိုင်)၂၉၂၇၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**အစုရှယ်ယာလျှော့ချခြင်း**
ကျွန်တော်တို့၏ DL.DAY LIGHT COMPANY LIMITED ၏ အစုရှယ်ယာတန်ဖိုးအား ကျပ် (160,000,000)မှ ကျပ် (50,000,000)သို့ပြင်ဆင်လျှော့ချလိုက်ပါကြောင်း ကြေညာအပ်ပါသည်။




## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်ဈေးနှုန်းလေလံခေါ်ယူရောင်းချခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ သတင်းစာဌာနခွဲ၊ မန္တလေးနေ့စဉ်သတင်းစာတိုက်မှ ထွက်ရှိလာသော လုပ်ငန်းသုံးဘေးထွက်ပစ္စည်း သတင်းစာစက္ကူ ရိုက်ပျက်နှင့် လိပ်ခွာပျက်(ဖြူပျက်) (၅.၆၀၁)တန်ကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်ဈေးနှုန်း လေလံခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ရောင်းချမည့်ပစ္စည်းအမျိုးအစားများ | - | Thailand နိုင်ငံထုတ် News Print Paper CAS Brite 48.8 gsm အမျိုးအစား |
| | (၁) ရိုက်ပျက် | - | (၄.၈၇၉) တန် |
| | (၂) လိပ်ခွာပျက်(ဖြူပျက်) | - | (၀.၇၂၂) တန် |
| (ခ) | တင်ဒါပုံစံရောင်းချမည့်နေ့ရက် | - | ၁၁ - ၁၀ -၂၀၂၄ |
| (ဂ) | တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်ဒါတင်သွင်းရမည့်နေရာ | - | မန္တလေးနေ့စဉ်သတင်းစာတိုက် ၃၅လမ်းနှင့်၃၆လမ်းကြား၊ လမ်း၇၀နှင့်၇၁လမ်းကြား |
| (ဃ) | တင်ဒါနောက်ဆုံးတင်သွင်းရန် နေ့ရက်နှင့်အချိန် | - | ၂၂ - ၁၀ - ၂၀၂၄ (၁၆:၃၀)နာရီ |
| (င) | တင်ဒါရွေးချယ်မည့်နေ့ရက်နှင့်အချိန် | - | ၂၅ - ၁၀ - ၂၀၂၄ (၀၉:၀၀)နာရီ |
| (စ) | တင်ဒါရွေးချယ်မည့်နေရာ | - | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ (၆)ထပ်ဆောင် အစည်းအဝေးခန်းမ |
| (ဆ) | တင်ဒါလျှောက်လွှာတစ်စုံရောင်းချဈေးနှုန်း | - | ကျပ်၂၀၀၀/- |

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၉-၂၀၅၁၇၅၂၊ ၀၂-၂၈၄၇၃၉၈၊ ၀၉-၇၉၇၅၇၅၂၇၄ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
## အိတ်ဖွင့်တင်ဒါအမှတ် - (၅/ ၂၀၂၄-၂၀၂၅)

ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၁)၊ ညောင်တုန်းမြို့မှ (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်၊ ရရှိလာသောရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လမ်းခင်းပစ္စည်း(ကတ္တရာ)များအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

လိုအပ်သည့် လမ်းခင်းပစ္စည်း(ကတ္တရာ)၏အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၁)၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် (၁၄-၁၀-၂၀၂၄)ရက်နေ့မှစ၍ ဖော်ပြထားပါမည်။

| | | | |
|---|---|---|---|
| ၁။ | တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်နေ့ရက် | - | (၁၄-၁၀-၂၀၂၄) (၁၀:၀၀)နာရီ |
| ၂။ | တင်ဒါပိတ်မည့် နေ့ရက်/အချိန် | - | (၂၈-၁၀-၂၀၂၄) (၁၅:၀၀)နာရီ |
| ၃။ | တင်ဒါဖွင့်မည့် နေ့ရက်/အချိန် | - | (၂၉-၁၀-၂၀၂၄) နံနက်(၁၀:၀၀)နာရီ |
| ၄။ | တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ | - | ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၁)၊ ညောင်တုန်းမြို့။ |

၅။ တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းများကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၁)၊ ညောင်တုန်းမြို့၊ ဖုန်း-၀၄၆-၂၂၂၀၂၀၃ တွင် (၁၄-၁၀-၂၀၂၄)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၁)**
**လမ်းဦးစီးဌာန**
(ဖုန်း-၀၉-၄၂၂၄၇၈၅၁၁, ၀၉-၇၉၅၈၆၃၂၂၉)


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
Non-Sparkling Lemon Tea
Sparkling Lemon Tea
LEMON
DAGON
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊
ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
NAYPYITAW
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁
၀၉ ၆၆၆၁၀၈၆၄၆
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀ ၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၀၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


Smart p ®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin

# နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်၌ မိသားစုသုံးဦးအား သတ်ဖြတ်ကာ လက်ကိုင်ဖုန်းများနှင့် မော်တော်ယာဉ်တစ်စီး လုယက်ယူဆောင်သွားသူ၊ ပါဝင်ပတ်သက်သူ တရားခံများအပေါ် သေဒဏ်၊ ထောင်ဒဏ်များ အသီးသီးကျခံစေရန် တရားရုံးကအမိန့်ချမှတ်

**နေပြည်တော် အောက်တိုဘာ ၉**

(၁၀-၈-၂၀၂၄) ရက်နေ့က နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြတ်လေးလမ်းတွင် နေထိုင်သော ဦးသန်းနိုင်ထွန်း၊ ဇနီးဖြစ်သူ ဒေါ်စောသန္တာဦးနှင့် သားဖြစ်သူ ရွှေအုပ်စိုးတို့မှာ နေအိမ်အတွင်း၌ ဒဏ်ရာများဖြင့် သွေးအိုင်ထဲတွင်လဲကျသေဆုံးနေပြီး ၎င်းတို့ကိုင်ဆောင်သည့် လက်ကိုင်ဖုန်း (၃)လုံးနှင့် မော်တော်ယာဉ်(၁)စီးတို့မှာလည်း ပျောက်ဆုံးနေသောအမှုဖြစ်ပွားခဲ့သည်။

အဆိုပါအမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဘုရားကုန်းမြို့မရဲစခန်း (ပ) အမှတ် ၃၉/၂၀၂၄ ဖြင့် အမှုဖွင့်လှစ်စုံစမ်းစစ်ဆေးခဲ့ပြီး တရားခံရဲထက်ကျော်(ခ)ကိုချစ်၊ ကျော်အေး (ခ) ပသိုင်း၊ ကျော်သူနှင့် နန်းကိုသူ (ခ) နန်းမောင်တို့ (၄) ဦးအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂၊ ၃၉၄/၃၄၊ ၂၀၁၊ ၂၀၂/၁၀၉ တို့ဖြင့် ဥတ္တရခရိုင်တရားရုံးသို့လည်းကောင်း၊ ကလေးသူငယ်တရားခံ ဖိုးလပြည့်(ခ) ဝင်းမင်းသူ(ခ)ဇော်ဇော်အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂၊ ၃၉၄/၃၄ တို့ဖြင့် ဥတ္တရသီရိမြို့နယ်တရားရုံးသို့လည်းကောင်း တရားစွဲတင်ပို့ခဲ့သည်။

ထိုအမှုများအား ဥတ္တရခရိုင်တရားရုံးက ရာဇဝတ်ကြီးမှုအမှတ် ၃၃/၂၀၂၄ ဖြင့်လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်တရားရုံးက ကလေးသူငယ်ရာဇဝတ်ကြီးမှုအမှတ် ၅/၂၀၂၄ ဖြင့်လည်းကောင်း လက်ခံစစ်ဆေးပြီးနောက် (၈-၁၀-၂၀၂၄) ရက်နေ့တွင် တရားခံရဲထက်ကျော် (ခ) ကိုချစ်အပေါ် ဦးသန်းနိုင်ထွန်းအား ကြိုတင်ကြံရွယ်ချက်ဖြင့် သတ်ဖြတ်ပြီး သေစေသည့်အတွက် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ) အရ သေဒဏ်၊ ဒေါ်စောသန္တာဦးအား ကြိုတင်ကြံရွယ်ချက်ဖြင့် သတ်ဖြတ်ပြီး သေစေသည့်အတွက် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ) အရ သေဒဏ်၊ ရွှေအုပ်စိုးအား ကြိုတင်ကြံရွယ်ချက်ဖြင့် သတ်ဖြတ်ပြီး သေစေသည့်အတွက် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁)(ခ) အရ သေဒဏ်နှင့် ရာဇသတ်ကြီးပုဒ်မ ၃၉၄ အရ ထောင်ဒဏ် (၂၀) နှစ်၊ တရားခံနန်းကိုသူ(ခ)နန်းမောင်အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ)/၁၀၉ အရ သေဒဏ်နှင့် ရာဇသတ်ကြီးပုဒ်မ ၃၉၄/၁၀၉ အရ ထောင်ဒဏ်(၁၀)နှစ်၊ တရားခံကျော်အေး (ခ)ပသိုင်းအပေါ် ရာဇသတ်ကြီးပုဒ်မ ၂၀၁ အရ အလုပ်နှင့်ထောင်ဒဏ် (၇)နှစ်နှင့် ရာဇသတ်ကြီးပုဒ်မ ၂၀၂ အရ အလုပ်နှင့်ထောင်ဒဏ် (၆) လ၊ တရားခံကျော်သူအပေါ် ရာဇသတ်ကြီးပုဒ်မ ၂၀၂ အရ အလုပ်နှင့်ထောင်ဒဏ် (၆)လတို့ အသီးသီးကျခံစေရန် ဥတ္တရခရိုင် တရားရုံးမှလည်းကောင်း၊ ကလေးသူငယ်တရားခံ ဖိုးလပြည့် (ခ) ဝင်းမင်းသူ (ခ) ဇော်ဇော်အပေါ် ဦးသန်းနိုင်ထွန်း၊ ဒေါ်စောသန္တာဦး၊ ရွှေအုပ်စိုးတို့အား သေစေသည့်အတွက် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ) အရ ထောင်ဒဏ် (၇) နှစ်စီ ချမှတ်သော ပြစ်ဒဏ် (၃) ရပ်ကို တစ်ပြိုင်တည်းကျခံစေရန်နှင့် ရာဇသတ်ကြီးပုဒ်မ ၃၉၄ အရ ထောင်ဒဏ် (၃) နှစ်အား သီးခြားကျခံစေရန် ဥတ္တရသီရိမြို့နယ်တရားရုံးမှလည်းကောင်း အသီးသီးအမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၉**

ထို့ပြင် **အောက်တိုဘာလ ၈ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၆)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၃၉၂၅၈၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၁၀)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၃၃၂၃၃၄)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆၂၄၉၃၄)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


ထို့အတူ ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၌ လိုင်စင်မဲ့ Honda Insight မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပြင်ဦးလွင်-မန္တလေးလမ်း၊ (၂၁)မိုင်အနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ်(၃)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၁၀၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Mini Bus (၂)စီး၊ Kyaw Kyar Micro Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၅၁၀၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့နယ်၊ ဟသ်ာအဝိုင်း ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် မင်းရွာကျေးရွာတို့၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၅၈၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck (၁)စီး၊ Chin Dwin Star Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၅၈၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **အောက်တိုဘာလ ၉ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၁ ဒသမ ၉၉၀)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ်၁၇၅၁၇၂၈)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာလ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၉)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၄၄၇၂၁၄၂)**ဖြစ်ကြောင်း **တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ** သိရသည်။ (သတင်းစဉ်)



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။


**ပျောက်ဆုံးကြောင်း**
ခင်စိုး(ဘ)ဦးတင်အောင် ၁၂/စခန(နိုင်)၀၀၉၇၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၉၉၆၆၁၆

**ပျောက်ဆုံးကြောင်း**
ခေါ်တီဇာခါတူ(ဘ)ဦးမျာဟူဆောင် ၁၂/မဂတ(နိုင်)၁၁၈၉၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 533386)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၅၉၉၁၀၂၃

**ပျောက်ဆုံးကြောင်း**
နန်းဆုမွန်(ဘ)ဦးပြည့်ဖြိုး ၁၂/မရက(နိုင်)၁၉၈၉၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၁၁၄၂၇

**ပျောက်ဆုံးကြောင်း**
ဧယျာထွန်း(ဘ)ဦးရွှေလု ၁၂/သဃက(နိုင်)၂၀၃၇၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 452383)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၇၀၄၁၅၂၅

**ပျောက်ဆုံးကြောင်း**
မသက်မေ(ဘ)ဦးလှမြင့် ၁၂/ကမတ(နိုင်)၀၅၃၀၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 956637)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
လှိုင်လင်းအောင်(ဘ)ဦးကျော်ညွန့် ၉/ငဇန(နိုင်)၁၂၅၉၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 760918)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကေသီအောင်(ဘ)ဦးသိန်းအောင် ၉/မကန(နိုင်)၀၉၆၈၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဇော်မင်း(ဘ)ဦးဝင်းကြည် ၁၂/သဃက(နိုင်)၀၃၂၁၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၂၅၉၇၀၃၁

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အ.ထ.က(၁)၊ Grade-10၊ ကျောင်းဝင်အမှတ် D-၇၉၂၈၊ မောင်ဝေယံထွန်း၏ဖခင် ဦးဇင်ဦး၏အမည်မှန်မှာ ဦးဖလေပျံ ၈/တတက(နိုင်)၀၅၁၁၀၂ ဖြစ်ပါကြောင်း။ ဦးဖလေပျံ

**ပျောက်ဆုံးကြောင်း**
မောင်ဝင်းနိုင်(ဘ)ဦးမြင့်နိုင် ၁၀/မလမ(နိုင်)၂၂၅၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

**ပျောက်ဆုံးကြောင်း**
မနှင်းနှင်းဖြိုး(ဘ)ဦးဝင်းအောင် ၁၀/ခဇန(နိုင်)၀၀၅၉၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကင်/ညောင်ပင်သာ အ.လ.က(ခွဲ)၊ Grade-(3) ကျောင်းဝင်အမှတ် ၀၁၅၆ မောင်ဘိုနိုင်နိုင်၊ Grade-(6) ကျောင်းဝင်အမှတ် ၀၀၄၄ မချစ်စန်းဦး တို့၏ဖခင် ဦးဇင်ဦး၏အမည်မှန်မှာ ဦးဖလေပျံ ၈/တတက(နိုင်)၀၅၁၁၀၂ ဖြစ်ပါကြောင်း။ ဦးဖလေပျံ

**ပျောက်ဆုံးကြောင်း**
တာမွေမြို့နယ်၊ (၁၅၄)လမ်း၊ တိုက်(၉)၊ အခန်း(၄၀၂)နေ ဒေါ်ဆွေဆွေဝါ (ဘ) ဦးကျော်ဖဲ ၁၃/သပန(နိုင်) ၀၀၃၆၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၂၆၁၂၁၆

**ပျောက်ဆုံးကြောင်း**
တာမွေမြို့နယ်၊ (၁၅၄)လမ်း၊ တိုက်(၉)၊ အခန်း(၄၀၂)နေ ဝင့်ဝါဝါအောင်(ဘ) ဦးအောင်ခင်စု ၁၃/သပန(နိုင်)၀၆၀၈၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၂၆၁၂၁၆

**ပျောက်ဆုံးကြောင်း**
ကျောက်တံခါးမြို့နယ်နေ နော်ဝါးအယ်(ဘ)ဦးဘိုနာ ၇/ကတခ(နိုင်)၁၁၆၅၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဒိုက်ဦးမြို့၊ ပေါက်တပင်ရွာနေ မောင်ညီညီစိုး(ဘ)ဦးစိုးတင့် ၇/ဒဥန(နိုင်)၁၂၁၁၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၃၈၆၃၄၈၃

**ပျောက်ဆုံးကြောင်း**
ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အိုင်သုံးဆင့်ကျေးရွာနေ ဒေါ်မြင့်မြင့်သွယ်(ဘ)ဦးထွန်းမြင့် ၇/တငန(နိုင်)၁၇၅၆၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၈၃၈၅၄၅

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့၊ ကွေ့တန်းရှည်ရွာနေ မောင်သက်ပိုင်ဦး(ဘ)ဦးကျော်သန်းဌေး ၇/ပခန(နိုင်)၄၉၁၈၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၇၇၄၉၁၅၁

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ အင်ဂျင်နီယာသင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)**ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့် ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

( င ) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၅-၁၀-၂၀၂၄** ရက်နေ့မှစတင်၍ **၂-၁-၂၀၂၅** ရက်နေ့ထိ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီး/ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

( ခ ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှ ၆ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-**၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-**၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

( ခ ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

( ဂ ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

# ပြည်ထောင်စုရာထူးဝန်အဖွဲ့က ပြန်တမ်းဝင်အရာရှိအဆင့်စတင်ခန့် လစ်လပ်ရာထူး(၃၇၅)နေရာ [ကြော်ငြာစာအမှတ်၊(၂/ ၂၀၂၄)] ကြော်ငြာခေါ်ယူခြင်းအတွက် အသိပေးကြေညာချက်

၁။ ကြော်ငြာစာအမှတ်၊ (၂/၂၀၂၄)ဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့တွင် လစ်လပ်လျက်ရှိသော ပြန်တမ်းဝင်အရာရှိအဆင့်စတင်ခန့်ရာထူး ဆရာဝန်/ အလုပ်ရုံခွဲမှူး/ဆရာဝန်(သစ်လွင်)/ဆရာဝန်(သွားနှင့်ခံတွင်း)/ ဆရာဝန်(သွားနှင့်ခံတွင်း)(သရုပ်ပြ)/ ဦးစီးအရာရှိ[အစားအသောက်/ ဆေးဝါး/ဓာတ်ခွဲ)]/ တာဝန်ခံဆရာဝန်ရာထူး(၃၇၅) နေရာတို့အတွက် ၁၀-၁၀-၂၀၂၄ နှင့် ၁၁-၁၀-၂၀၂၄ ရက်နေ့တို့တွင် မြန်မာ့အလင်း၊ ကြေးမုံနှင့်မြဝတီသတင်းစာတို့၌ ကြော်ငြာခေါ်ယူထားရှိပါသည်။

၂။ ကြော်ငြာပါရာထူးအတွက် လျှောက်ထားရာတွင် လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊နေပြည်တော်သို့လည်းကောင်း၊ Online ဖြင့် လျှောက်ထားပါက e-Recruitment and Selection System [ UCSB e-RSS Mobile Application နှင့် UCSB e-RSS Web Based ] အသုံးပြု၍ Android Devices, i phone and Web Browser မှ တစ်ဆင့်လည်းကောင်း၊ လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာပိတ်ရက် ၁၀-၁၁-၂၀၂၄ ရက်နေ့ထက် ကျော်လွန်လျှောက်ထားလာသည့် လျှောက်လွှာများကို System မှ အလိုအလျောက်ပယ်ဖျက် သွားမည်ဖြစ်ပါသည်။

၃။ ရွေးချယ်ခြင်းခံရသူများကို နိုင်ငံ့ဝန်ထမ်းသစ်များအဖြစ် သက်ဆိုင်ရာဝန်ကြီးဌာနမှ ခန့်အပ် တာဝန်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၄။ Online မှလျှောက်ထားသူများအနေဖြင့် e-Recruitment and Selection System [UCSB e-RSS Mobile Application]ကို Google Play Store, Apple Store တို့မှတစ်ဆင့် Download ရယူ၍ အသုံးပြုရမည်ဖြစ်ပြီး စနစ်အတွင်းသို့ ဝင်ရောက်ရမည့်လုပ်ငန်းစဉ် အဆင့်ဆင့်ဖြစ်သည့်User Guide နှင့် အသုံးပြုခြင်းဆိုင်ရာအချက်အလက်တို့ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website ဖြစ်သည့် www.ucsb.gov.mm နှင့် Myanmar National Web Portal ဖြစ်သော www. myanmar.gov.mm တို့တွင်ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်(ဖုန်း၊၀၆၇-၃၄၀၉၀၅၂၊ ၀၆၇-၃၄၀၉၄၃၀၊ ၀၉-၄၂၄၄၀၈၉၅၄၊ ၀၉-၄၂၀၇၀၆၆၀၅၊ ၀၉-၇၉၇၇၂၇၆၉၆၊ ၀၉-၄၄၁၉၃၇၃၄၃၊ ၀၉-၂၆၂၅၀၂၉၈၈ ) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသောရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

နေပြည်တော် အောက်တိုဘာ ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း ၁၂ ခုရှိရာ ယနေ့၌ ပေါင်းလောင်းရေလှောင်တမံတွင် ၃ ဒသမ ၈၇ ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှု အခြေအနေမှာ သုည ဒသမ ၁၀ ပေ တိုးလာခြင်းဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့်ရေမှတ်အထက်တွင် HED ရေတံခါး(၄)ချပ်ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ကြံ့ခိုင်မှု အခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများကို (၂၄)နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိပြီး စိုးရိမ်ရန်မရှိကြောင်း သိရသည်။

(သတင်းစဉ်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ - ၉.၁၀.၂၀၂၄
(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၉.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၃၁၂၇၃ | ၆၂၇.၂၆ | ၅၆၅၉၇၂ | ၁၃၉၄၈ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၈၇ | ၁၆၈၅၆ | - | ၆၂၇.၁၆ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | - | ၆၂၅.၅၀ | ၂၆၈၀၅ | ၁၂၄ | ၉.၅၀ | ၉၆၉၅ | - | - | | ၆၂၅.၆၅ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၂၂၄ | ၅၁၉.၁၀ | ၈၉၃၁၃ | ၃၂၁ | ၀.၉၀ | ၂၄၅၇ | - | - | ၀.၀၂ | ၅၁၉.၁၅ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၆၅ | ၁၀၅၃၀ | ၇ | ၂.၃၅ | ၁၇၂၇ | - | - | - | ၅၀၉.၇၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၁၂၆၃ | ၄၃၈.၈၀ | ၇၂၄၀၀ | ၃၁၅ | ၀.၂၀ | ၆၀၀ | - | - | ၀.၅၉ | ၄၃၈.၅၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၉ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၆.၃၅ | ၇၇၈၆ | ၈ | ၁.၆၅ | ၉၃၂ | - | - | - | ၄၁၆.၃၈ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၁၆၇၀ | ၇၀၃.၆၀ | ၁၀၇၉၇၃ | - | ၆.၄၀ | ၃၅၁၁၇ | - | - | ၀.၄၇ | ၇၀၃.၃၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | ၀.၁၅ | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၉၄ | ၆၀၁.၉၀ | ၄၉၅ | ၄၁ | ၀.၁၀ | ၅ | - | - | ၀.၁၃ | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၇၉ | ၈၆၄.၃၀ | ၁၀၅၈၉ | ၇၂ | ၅.၇၀ | ၄၀၁၁ | - | - | - | ၈၆၄.၃၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၄) ချပ်ထောင်ထားပါသည်။

❖ နိုင်ငံတစ်နိုင်ငံ၏အင်အားသည် ပညာပေါ်တွင် အခြေခံ . . .

❖ ဗလငါးတန်ပြည့်ဝပြီး အသိဉာဏ်ပညာ ပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များသည် နိုင်ငံ၏အင်အား၊ နိုင်ငံ၏ အနာဂတ်များဖြစ်. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ရာဂိမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသောရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ တတိယအကြိမ်ပေးအပ်လှူဒါန်းပွဲ ကျင်းပပြုလုပ်

နေပြည်တော် အောက်တိုဘာ ၉

မြန်မာနိုင်ငံအတွင်း ရာဂိမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့်ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ တတိယအကြိမ် ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ အလှူငွေများလက်ခံပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ စေတနာရှင်အလှူရှင်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။ စာမျက်နှာ ၁၆ ကော်လံ ၁☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်အလှူရှင်တစ်ဦးက ပေးအပ်လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူစဉ်။

## ၂၀၂၄ ခုနှစ်၊ (၆၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော်၊ ဇေယျာသီရိအားကစားကွင်း၌ကျင်းပပြုလုပ်မည့် ၂၀၂၄ ခုနှစ်၊ (၆၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပမှုအား အောက်တိုဘာလ ၁၁ ရက် ညနေ ၃ နာရီ ၂၅ မိနစ်မှစ၍ MWD HD Channel၊ MWD Variety HD Channel၊ MWD Education, Knowledge & Sports Channel၊ Channel LIGHT၊ MRTV HD Channel၊ MRTV Sports Channel နှင့် MRTV Parliament Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။